
Stella Su
နှလုံးသားပတ်ပျိုး
OCEAN

# နှလုံးသားပတ်ပျိုး

## အခန်း(1)

လူကနိုးနေပေမယ့် မျက်လုံးကမဖွင့်ချင်သေး၍ ထပ်မှိန်းဖို့ကြိုးစားကာ လက်ကဘေးကိုစမ်းနေပေမယ့် ဟာလာဟင်းလင်း

ဖြစ်နေ၏။နိုးနိုးချင်း စိတ်ဆတ်တာကတစ်ကြောင်း၊သူ ထွက်သွားပြီလား ဆိုတဲ့မေးခွန်းနှင့် ဒေါသထွက်တာပါ ရော၍ အိပ်ရာက ငေါက်ခနဲထထိုက် လိုက်လျှင် မှန်တင်ခုံရှေ့က အရိပ်အယောင်ကို ဝိုးတိုးဝါးတားမြင်လိုက်ရသည်။

"ကိုကို....ပြန်တော့မလို့လား"

မဒီ နာရီကြည့်လိုက်တော့ ခြောက်နာရီဆယ်မိနစ်ပဲရှိသေးကာ

ကိုကိုက မှန်ရှေ့မှာ အကျႌကြယ်သီးတပ်နေလေသည်။မဒီ့အမေး

ကို ပြန်မဖြေတော့ ခုတင်မှထလိုက်ရကာ ကိုကို့ခါးလေးကို နောက်မှ ဖက်ရင်း....

"ခုမှ ခြောက်နာရီတောင်မခွဲသေးဘူး ကိုကိုရယ်၊ မဒီနဲ့ ခဏလောက် ထပ်နေပေးပါဦးလား...."

"ကိုယ် အဲ့လောက်အချိန်မရဘူးကွာ....ဆောရီး"

သူက လက်တို့အား မညှာမတာဖြုတ်၍ ဧည့်ခန်းသို့ထွက်သွားတော့ မဒီ နောက်က တကောက်ကောက်လိုက်ကာ

"ကိုကို....မဒီတို့ မတွေ့တာ တစ်လကျော်ပြီနော်၊ မဒီ မနေ့ကမှ

ဘန်ကောက်က ပြန်ရောက်လာတာ"

"အဲဒါကြောင့် ကိုယ် မင်းကို တစ်ညလုံး အချိန်ပေးပြီးပြီလေ၊ မကျေနပ်သေးဘူးလား...."

မဒီနှင့်မျက်နှာချင်းဆိုင်ပြန်လှည့်ကာ ဘောင်းဘီအိတ်ထဲ လက်ထည့်၍ ယတိပြတ်စကားတို့ကို ဆိုတော့ နှုတ်ခမ်းသားတို့ တင်းသွားသော်လည်း

"ဒါပေမဲ့ မဒီ ကိုကိုနဲ့လျှောက်လည်ချင်သေးတယ်၊ ရုပ်ရှင်ကြည့်တာ shoppingထွက်တာတွေ ကိုကိုနဲ့ လုပ်ဖူးချင်တယ်လို့....

မဒီတို့ တွဲလာတဲ့ ချစ်သူသက်တမ်းတလျှောက် လူမြင်ကွင်းရှေ့ တစ်ခါမှ မထွက်ဖူးသေးဘူးနော်....ကိုကို သိရဲ့လား"

ပျိုမဒီရဲ့ညုတုတုစကားတွေကိုကြားပြီး ညာဘက်နားကဝင် ဘယ်ဘက်နားကထွက်သွားလေသည်။သူ မျက်ခုံးမွှေးအား လက်နှင့်ကုတ်ခြစ်၍ အဖြေပုစ္ဆာတစ်ခုအား စဉ်းစားရပြန်၏။ ဒီပြဿနာကို ဒီနေ့ရအောင်ရှင်းမှဖြစ်တော့မည်။

"ကိုယ်တို့ စတွဲတည်းက ဒါတွေမလုပ်ဖို့ သဘောတူပြီးသားနော်၊ ကိုယ်လည်း မင်းမျက်နှာကို ကြိုက်လို့တွဲသလို မင်းလည်း မင်း လိုအပ်ချက်ကြောင့် တွဲနေတာပဲမလား....

ကိုယ့်ကို လာလာစားရင် ဘာဖြစ်သွားမလဲ မင်းသူငယ်ချင်း မော်ဒယ်တချို့ကို မေးကြည့်လိုက်၊ ကိုယ် ဖုန်းဆက်မှ တွေ့မယ်...ဒီကြားထဲ ကုမ္ပဏီရှေ့လည်း ယောင်လို့တောင် မလာနဲ့၊ ဘိုင့်"

ကြည့်စမ်း! လူကို KTVက မိန်းမလိုမျိုး စော်ကားသွားတာ။

မဒီ့မှာ ဘာတစ်ခွန်းမှမပြောနိုင်ပဲ ဆွံ့အနေခဲ့ရပြီး လက်သီးသာ

ကျစ်ကျစ်ဆုပ်ထားရလေသည်။

ထိုသူက သူပြောတာကိုပဲနားထောင်ပြီး သူ့ကိုမိဘ

အထွန့်တက်တာတောင် မကြိုက်သူဖြစ်၏။သူ့နားချဉ်းကပ်လျှင်

လည်း ဘာမှမပြောပဲ ကျောက်ရုပ်လိုငြိမ်နေတာမျိုးမှ ကြိုက်သည်။ထိုသူက ဘုန်းလကျာ်ပင်။

***

"မာမီရေ"

သမီးလေး နိုးလာပြီမို့ ပြင်လက်စbreakfastကို ထားခဲ့ကာ အပေါ်ထပ်ပြေးရသည်။သမီးက ကျန်တဲ့အချိန်တွေ စိတ်မကောက်တတ်ပေမယ့် နိုးလာလို့ အမေ့ကိုမတွေ့လျှင် အီချင်၏။

"မေ့သမီးလေး နိုးပြီလား"

"ဒယ်ဒီရောဟင်"

နိုးလျှင် သူ့ဒယ်ဒီကိုလည်း မမေ့မလျော့မေးတတ်တာမို့ ထုံးစံအတိုင်း မုသာဝါဒကျူးလွန်ရပြန်သည်။

"ဒယ်ဒီ အလုပ်သွားပြီ သမီးရဲ့....မျက်နှာသစ် သွားတိုက်ပြီး

breakfast စားရအောင်နော်"

သမီးမျက်နှာလေးက ရုပ်တရုပ်ညိုးငယ်သွားကာ မျက်လုံးကို

ပွတ်ပြီး ရေချိုးခန်းထဲဝင်သွား၏။စိန် အိပ်ရာသိမ်း၊စောင်တွေ

ခေါက်ကာ သမီးမူကြိုသွားလျှင် ဝတ်မည့်ဝတ်စုံကို ထုတ်ထား

ပြီး ကျောပိုးအိတ်ပါ တစ်ခါတည်းပြင်ပေးလိုက်သည်။

"မာမီ မနက်ဖြန် ကျောင်းမှာကပွဲရှိတယ်နော်....ဒယ်ဒီနဲ့လာရမှာ သိတယ်မလား"

"သိပါတယ်ရှင်...မာမီ့သမီးလေး သရုပ်ဆောင်ရမယ့်ပွဲပဲဟာ၊ မလာပဲ နေပ့ါမလား"

"မာမီကတော့ သိပေမယ့် ဒယ်ဒီက အမြဲမေ့သွားတယ်ပဲ ပြောနေတာလေ....ဒီတစ်ခါ ထပ်မေ့သွားရင်ရော ဘယ်လိုလုပ်မလဲ"

ကိတ်မုန့်တွေပေကျံနေသော သမီးလေးပါးစပ်ကို တစ်ရှူးနှင့် သုတ်ပေးကာ ထိုမေးခွန်းအတွက် အဖြေရှာရ၏။တစ်နေ့တစ်နေ့ ငါးပါးသီလကို ဖောက်ဖျက်နေရသည့်အတွက် ကိုယ့်စိတ်ကိုယ်မလုံပါ။

သမီးကို ကြည့်လိုက်တော့ အဖြေကို နားစွင့်နေပြီမို့

"ဒီတစ်ခါ သမီးဒယ်ဒီ မမေ့စေရပါဘူး....ဘာလို့လဲဆိုတော့ မာမီက ကြိုးတုပ်ပြီးခေါ်လာမှာမို့လေ"

"ခစ်ခစ်ခစ်"

ထိုအခါမှ သမီးလေးမျက်နှာထက်မှာ အပြုံးပန်းတွေဝေဆာလျက် ပျော်ပျော်ရွှင်ရွှင်နှင့် ကျောင်းသွားတော့၏။

စိန်လည်း ရှုပ်ထွေးနေသောကြိုးထုံးကို ဖြည်ရဦးမှာမို့ အပေါ်တက်အဝတ်စားလဲကာ အပြင်ပြန်ထွက်လာရသည်။

"ဟဲလို...ကြည်ပြာရေ တို့ ဒီနေ့အလုပ်မလာနိုင်တော့ဘူးကွယ်... အကျေတွေကို ကြည့်ပြီးတော့သာ စီစဉ်ထားလိုက်..."

"ဟုတ်ကဲ့...မမ"

Paradise ကုမ္ပဏီဝန်းထဲ ကွေ့လာကာ ကားကိုပါကင်မှာရပ်ထားခဲ့ပြီး အပေါ်တက်လာခဲ့သည်။အမှန်တော့ သူက စိန်

ကုမ္ပဏီလာတာ လုံးဝမကြိုက်ပါ။စိန်ဟာ သူ့ကုမ္ပဏီအရေးကိစ္စ

တွေ ပါဝင်ပတ်သက်မှာစိုးရိမ်လို့လား၊သူ့ဇနီးအဖြစ် မဈ္ဈှပ်တိုင်

တက်ပြမှာကို မြင်ပြင်းကပ်၍လားမသိပေမယ့် နှစ်ခုစလုံးကြောင့် ဖြစ်ပါလိမ့်မည်။

သက်ပြင်းတစ်ချက်ဖွကာ သူ့ရုံးခန်းရှေ့ရောက်လျှင် အတွင်း

ရေးမှူးမလေးက ဆတ်ခနဲထလာပြီး

"သူဌေး မရှိဘူးရှင့်....နာမည် ပြောပါ appointment ယူထား

သလား ကြည့်ရအောင်"

ထိုကလေးမက သူမကို သိဟန်မပေါ်။သူမကလည်း ဘာမှဖြေရှင်းချက် မပေးချင်သောကြောင့်

"appointment ယူမထားဘူး....သူ မရှိရင် ရုံးခန်းထဲမှာပဲ စောင့်

နေလိုက်မယ်"

"အဲ့လိုလုပ်လို့မရပါဘူး...သူဌေးက သူမရှိတုန်း"

"သူ့ရုံးခန်းထဲ ဝင်တာမကြိုက်ဘူးဆိုတာ ငါသိတယ်...ဒါပေမယ့်

ငါက ခွင်းချက်၊ မင်းအလုပ် မင်းပြန်လုပ်နေ"

စိန် တံခါးကိုဆောင့်ပိတ်ကာ ဆိုဖာမှာ ခြေချိတ်ထိုင်မိ၏။သူရဲ့

ရုံးခန်းဟာလည်း သူ့လိုပဲ အေးတိအေးစက်ကြိုဆိုလျက်။အတွင်းရေးမှူး ကောင်မလေးက စိန့်ကိုမသိတာမဆန်းပါ။ဘာကြောင့်လဲဆိုတော့ သူဟာ

အလုပ်စားပွဲမှာ သူမတို့မိသားစုဓာတ်ပုံလေးတောင် တင်မထားလို့ပါပဲ။

***

ကုမ္ပဏီကို နောက်ကျမှရောက်လာတာမို့ လုပ်စရာအလုပ်တွေက တောင်ပုံရာပုံစုနေသဖြင့် ခပ်သွက်သွက်ခြေလှမ်းကာ ရုံးခန်းတံခါးဖွင့်လျှင် ကိုယ့်ကိုကျောပေးထားသော မိန်းမတစ်ယောက်ကို တွေ့၏။

သူဝင်လာတာသိသော သူမက ခေါင်းတစ်ချက်လှည့်မလာပဲ ကျောက်ရုပ်လိုသာ ထိုင်နေလျက်။နောက်မှ အတွင်းရေးမှူးက ဝင်လာကာ

"ကျွန်မ တောင်းပန်ပါတယ် သူဌေး....အခန်းထဲ မဝင်ဖို့ပြောပေမယ့် တားမရလို့ပါ"

"ရပြီ မင်း သွားတော့"

သူ အလုပ်စားပွဲမှာဝင်ထိုင်လိုက်ကာ သူမကိုတစ်ချက်လှည့်မကြည့်ပဲ မေးခွန်းဆိုလိုက်သည်။

"ဘာလာလုပ်တာလဲ"

"မနက်ဖြန် သမီးကျောင်းမှာ ကပွဲရှိတယ်၊ ဒီတစ်ခါလည်း ရှင် ထပ်မေ့နေမှာစိုးလို့ သတိလာပေးတာ"

"ခေါင်းထဲ ထည့်ထားလိုက်မယ်၊ ဒါပဲမလား"

'ဒါပဲမလား' ဆိုသည့် မေးခွန်းက ယဉ်ယဉ်လေးနှင့် စိန့်ကိုနှင်ချင်နေမှန်း သိ၏။စိန်ကလည်း ထိုရုံးခန်းမှာကြာကြာမနေချင်သဖြင့် နှုတ်မဆက်ပဲ ထွက်လာခဲ့လိုက်သည်။

သူနှင့်စိန်ရဲ့အိမ်ထောင်ရေးဟာ ဆယ့်နှစ်ရာသီလုံး အေးစက်နေ

တတ်သည်။ဒါဟာ အိမ်ပြန်မလာသော ယောကျာ်းရဲ့အပြစ်လား၊အပြုစုအယုယ မတတ်သော ဇနီးမယားရဲ့တာဝန်လား။

သူများတွေရဲ့အမြင်မှာတော့ ဘုန်းလကျာ်နှင့်စိန်ခြယ်မှုန်းဟာ

ပြီးပြည့်စုံသော ဇနီးမောင်နှံအဖြစ် လူသိများကြပေမယ့် အိမ်တွင်းရေးအကြောင်းကိုတော့ ဘယ်သူမှနားမလည်ကြ။

ကားမောင်းရင်း စတီယာရင်မှာတင်ထားသော စိန်လက်စွပ်ကို

ကြည့်ပြီး ခပ်ခြောက်ခြောက်ရယ်မိ၏။သိန်းထောင်ချီတန်သည့်

မင်္ဂလာလက်စွပ်ကို ဆင်မြန်းပေးခဲ့စဉ်ကရော ခုရော စိန်ဟာ

ပျော်နေရရဲ့လား။BMWကားစီးပြီး အပြင်လူမမြင်ရတဲ့ကားထဲ

မှာ စိန်ဟာ တစ်ယောက်တည်း အထီးကျန်နေခဲ့၏။

***

"ဒယ်ဒီ.... seasonမှာ ကိတ်မုန့်စားချင်တယ်...အော့ရှေ့ရောက်ရင် ကားရပ်ပေးနော်"

သမီးလေးက အဖေရောအမေရော ပါလာတာမို့ ကျောင်းကပွဲမှအပြန်ပျော်ရွှင်မြူးထူးနေ၏။သူ့အဖေက ကားမောင်းနေသည်

မို့ လက်ခုပ်တီး သီချင်းပင်ညည်းနေသေးသည်။သမီးလေးကို

ကြည့်ရင်း စိန်ပါ အပျော်တွေကူးစက်လာသည်မို့ မသိလိုက်

မသိဘာသာ ပြုံးနေမိသည်။

"သမီး ဘာကိတ်မုန့်စားမလဲ"

"Vanilla ကိတ်နဲ့ hot chocolate ...ဒယ်ဒီ"

"ok ထိုင်နေနော်၊ ဒယ်ဒီ သွားမှာလိုက်မယ်"

သူ့အဖေက မုန့်သွားမှာကာ သမီးလေးရဲ့ ပျော်ရွှင်ကြည်နူးနေသည့် မျက်နှာလေးကလည်း ပျက်မသွားပဲ

"မာမီနဲ့ဒယ်ဒီက အရမ်းလိုက်ပြီး အရမ်းချောတယ်လို့ပြောနေကြတာ မာမီ....အေမိ့အဖေက ဗိုက်ပူပူကြီးနဲ့ အမေကလည်း မာမီ့လို မချောတော့ သူက သမီးကိုအားကျနေတာ..."

ရယ်လိုက်ရင် မျက်လုံးလေးတွေမှိတ်သွားကာ ပါးချိုင့်လေး

နှစ်ဖက်က ထင်းနေသည်မို့ လူတိုင်းက စိန်နှင့်ချွတ်စွပ်ဟုပြောကြသည်။ သို့သော် စိတ်အလိုမကျတာ၊ဒေါသကြီးတတ်တာ၊နောက်ပြောင်တတ်တာကတော့ သူ့အဖေနှင့်တစ်ထေရာတည်း။

"ပြီးတော့လေ အေမိ့မှာ မောင်လေးတစ်ယောက်၊ညီမလေး

တစ်ယောက်လည်း ရှိတယ်....သမီးလည်း အငယ်လေးလိုချင်

တယ် ...."

သမီးစကားကြောင့် နှစ်ယောက်သား တိုင်ပင်မထားပဲ အကြည့်ချင်းဆုံသွားခဲ့တာ ခဏပဲဖြစ်ကာ ချက်ချင်းပြန်လွှဲကြသည်။စိန်က ဘာပြောရမှန်းမသိဖြစ်နေစဉ် သူက စွေ့ခနဲ သမီးကိုပေါင်

ပေါ် ပွေ့တင်၍

"ဒယ်ဒီကတော့ မလိုချင်ဘူးကွာ....ဒယ်ဒီက ဟောဒီ့မင်းသမီး

လေးကိုပဲ အချစ်တွေအားလုံးပုံအောပြီး ချစ်ချင်တာ...."

"ခစ်ခစ်ခစ်"

"ဒယ်ဒီ မာမီ့ကို ကိတ်မုန့်ခွံ့ကျွေးလိုက်ဦးလေ"

"ရပါတယ် သမီးရဲ့....မာမီ ဗိုက်မဆာဘူး၊ သမီးပဲ ကုန်အောင်

စားနော်"

သို့သော် သမီးက သူ့အဖေလက်ထဲ ခက်ရင်းထည့်ပေးကာ စိန့်ကိုအတင်းကျွေးခိုင်းလေသည်။သူ ခွံ့မကျွေးချင်မှန်းသိသော

ကြောင့် နှုတ်ခမ်းနားရောက်လာသော ဇွန်းကို စိန်က ဆွဲယူလျှင်

"ခွံ့ကျွေးတာကို စားစမ်းပါ"

စိန် ပါးစပ်ဟ၍ ဒီတိုင်းစားလိုက်ရ၏။လည်ချောင်းနားရောက်ခါနီးမှ သမီးပြောသောစကားကြောင့် မြိုချလို့လည်းမဝင်၊ထွေးထုတ်လို့လည်း မရတော့ပေ။သမီးပြောလိုက်တာက

"ဒယ်ဒီနဲ့မာမီက အရမ်းချစ်ကြတာပဲ" တဲ့။

***

သမီးကို ကုတင်မှာအသာချပြီး အပြင်ပြန်ထွက်လာလျှင် ညအိတ်ဝတ်စုံအပါးလေးဝတ်ထားသော သူမကိုတွေ့ပေမယ့် ရှောင်လာကာ အပြင်ပြန်ထွက်ခဲ့၏။

သူမက ကိုယ့်နောက်ကပါလာကာ ကားရှေ့ရောက်တော့ သူ့လက်ကိုဆွဲသည်။

"ရှင်က ဘယ်လဲ"

"ကွန်ဒို ပြန်မလို့"

သူမရဲ့ပြောင်ရှင်းနေသော မျက်နှာမှာ စိတ်ဆိုးဒေါသထွက်ခြင်းတို့မရှိပေမယ့် နှုတ်ခမ်းကိုတင်းခနဲဖိထားလေသည်။အရင်က

ခါးကျော်ကျော်ရှိသည့် ဆံကေသာတို့က ဂုတ်ဝဲအဖြစ်သို့ရောက်

သွားသောကြောင့် ကလေးအမေလို့ပြောလျှင် ဘယ်သူမှယုံကြ

မှာမဟုတ်။သမီးနှင့်သူမ အပြင်သွားလျှင် များသောအားဖြင့်

ညီအစ်မလို့သာ သိကြ၏။

ဘာမှမလိမ်းထားသည့် ပါးပြင်ထက် မျက်ခုံးတို့က

မှောင်ကုပ်နေခြင်းမရှိတာကြောင့် သူမစိတ်အခြေအနေကို ခန့်မှန်းလို့မရ။

"ရှင် တစ်ပတ်လောက်တော့ အိမ်မှာပြန်နေပေးပါ၊ ခုတလော ညဘက် အပြင်မထွက်ရင်ကောင်းမယ် "

"ဘာအတွက်လဲ"

"......"

"ဟွန့် မင်းက ငါ့မိန်းမဆိုပြီး ပါဝါလာပြချင်နေတာလား၊ မင်း

ဘာပြောပြော ငါက ခေါင်းညိတ်မယ့်ကောင်မဟုတ်ဘူးဆိုတာ

သိတယ်နော်"

"ပါဝါပြရင်ရော ရှင်က လက်ခံမှာမို့လို့လား၊ ရှင့်ကို ကျွန်မ တင်စီးပြောနေတာ မဟုတ်ဘူး ကိုဘုန်းလကျော်.....တစ်ပတ်လောက်ပဲ အိမ်မှာပြန်နေခိုင်းတာ ရှင့်အတွက် အပန်းကြီးသွားလို့လား"

နှစ်ယောက်တည်းရှိနေလျှင် ဟန်ဆောင်ထားသောမျက်နှာဖုံးတွေ ကွာကျလာပြီး သူတို့နှစ်ယောက်ကြားမှာ ရေခဲတံတိုင်းခြား

ထားသည့်အလား။

သူ ပါးစောင်ကိုလျှာနှင့်ထိုးကာ လှောင်ရယ်လိုက်သည့်အပြုံးက

စိန့်ကို ရွံရှာစက်ဆုပ်သလိုရယ်။

"ငါမှ မနေချင်တာ.....ကြီးကျယ်ခမ်းနားတဲ့ အိမ်ကောင်းအိမ်သန့်ကို ပစ်

ပြီး ကွန်ဒိုမှာသွားနေတယ်ဆိုတာ ဘာကြောင့်လဲဆိုတာ မင်း တစ်ခါမှ အဖြေထုတ်မကြည့်ဘူးလား..."

"ကျွန်မ အဖြေထုတ်စရာမလိုအောင် ရှင်းနေပြီးသားပဲ....ရှင့် ဘာသာ အပျော်ရှာချင်ရုံသက်သက် ကွန်ဒိုမှာသွားနေနေတာ လူတွေက ဘယ်သူ့ကိုလက်ညှိုးထိုးမယ်ထင်နေသလဲ...."

နှစ်ယောက်သား အကြည့်တို့က မျဉ်းပြိုင်တွေလိုဖြစ်နေကာ ဘယ်သူကမှ အလျှော့ပေးမည့်ပုံမပေါ်။

"ဘယ်သူ့ကိုပဲ လက်ညှိုးထိုးထိုး ချီးမွမ်းမယ့်စကားဟုတ်မနေဘူး....အဲဒါ ဘာဖြစ်လဲ"

"ရှင် သိသိကြီးနဲ့ အရွဲ့တိုက်နေတာလား၊ အခု လူတွေက ကျွန်မ တို့အိမ်ထောင်ရေးကို ဘယ်လိုမေးခွန်းတွေ ထုတ်နေလဲဆိုတာ ရှင် ရိပ်မိမှာပါ"

ဆိုင်လာလို့ အကျႌလာအပ်လျှင် သူနှင့်မော်ဒယ်မလေးတစ်ယောက်ကိုတွဲတွေ့လို့ ထိန်းပါဦး ဘာညာပြောသွားကြသည်။ဆိုင်က

အပြန် အိမ်ရောက်လို့နားရမလား အောက်မေ့သော်လည်း အိမ်တိုင်ရာရောက် သတင်းလာပေးတဲ့သူနှင့် ဓာတ်ပုံလာပြတဲ့လူနှင့် သူ ဘယ်သွားသည်၊ဘာလုပ်သည်ဆိုတာ ကိုယ်က စပိုင်

မငှားရပဲ အလိုလိုသိနေတာ ကုသိုလ်ကံလား ဘာလားတော့ မသိ။

"မရိပ်မိဘူး သိလည်းမသိဘူး၊ ငါဆိုတဲ့ကောင်က ဘယ်သူပြော တာမှ စိတ်ဝင်စားခဲ့တာ မဟုတ်ဘူး....သိကြားမင်းဖြစ်ဖြစ်

ဖြဟ္မမင်းဖြစ်ဖြစ် လာဆင်းပြောရင်တောင် ဒီဘက်နားကဝင်

ဟိုဘက်နားကထွက်ပဲ...."

"ရှင် ပစ်စလတ်ခတ်မပြောပါနဲ့....ကျွန်မ ရှင့်ကိုပြောပြီးသားပါ၊

ရှင် ကြိုက်တဲ့နေရာမှာ ပျော်ပါးလို့ရတယ်...ဒါပေမဲ့ အဲဒီ့သတင်း

ကျွန်မတို့သားအမိနားထဲတော့ ရောက်မလာပါနဲ့လို့"

ပြောခဲ့ဖူးပါသည် လွန်ခဲ့သည့်ငါးနှစ်က။သူမပြောသည့်အဓိပ္ပါယ်က နိုင်ငံခြားမှာသွားဖောက်ပြန်၊ဒီမြန်မာနိုင်ငံမှာတော့ မပွေရှုပ်နဲ့ဆိုသည့် သဘောပင်။အော့တုန်းက သဘောထားကြီးလိုက်

သည့်မိန်းမ ဆိုပြီး သူ အရွဲ့တိုက်ကာ ဂုဏ်ပြုပန်းကုံးတွေတောင်

စွပ်ပေးခဲ့သေးသည်။

အော့တည်းက အက်ကြောင်းထင်နေသည့် အိမ်ထောင်ရေးပဋိပက္ခက ထို နေ့မှပိုသေချာသွားကာ သူအိမ်ပြန်မအိပ်တာလည်း

ယခုချိန်ထိပါ။

"ရှင်နဲ့ကျွန်မ ဆက်ဆံရေးဆိုးဝါးနေပေမယ့် ကျွန်မတို့မှာ

သမီးလေး ရှိသေးတယ်....ရှင် တစ်ခုခုလုပ်မယ်လို့ ဆုံးဖြတ်ချက် ချလိုက်တိုင်း သမီးမျက်နှာကို မြင်ယောင်ကြည့်ပါ၊ရှင့်ကို ကျွန်မ မေတ္တာရပ်ခံနေတာ...."

"ကောင်းပြီ ငါ တစ်ပတ်ပဲအိမ်မှာနေမယ်၊ ဒါပေမဲ့ မင်းနဲ့တော့

အတူမအိပ်နိုင်ဘူး....ငါ့ကိုယ်ငါ ခေါင်းလောင်းတီးလှူပစ်ချင်

စိတ် ပေါက်လာမှာစိုးလို့..."

ဘယ်သူကရော အတူအိပ်ပါ ခေါ်နေလို့လဲ။ကလေးအဖေ၊အောင်မြင်သော

စီးပွားရေးလုပ်ငန်းရှင်သာ ဖြစ်လာခဲ့သည့်

ဘုန်းလက်ျာ အရင်အတိုင်းပဲဆိုတာ စိန်သာအသိဆုံး။

***

Missရွေးချယ်သည့်ပွဲဆိုပေမယ့် ဘာအမျိုးအစား၊ဘယ်လိုသတ်မှတ်ချက်နှင့်ပွဲမှန်း မသိ။sponsorခံထားတာက ကိုယ့်ကုမ္ပဏီ

က ဆိုတော့ မသွားလို့ကမရ။စိတ်က မဝင်စားပေမယ့် ခုံမှာ

ဣန္ဒြေမပျက်ထိုင်နေရသည်။

ဒိုင်လုပ်ပေးဖို့ပါ ပြောနေတာမို့ မတောင်းပန်ရုံတမယ် လက်ကာ

ငြင်းရသေး၏။

"ကိုဘုန်း....ဒီနှစ် Missတွေ ဘယ်လိုလဲ၊ international ထိုးဖောက်နိုင်မယ်လို့ ထင်လား..."

ဘေးမှာရှိသည့် organizer မသက်က လက်တို့မေးလျှင် သူပြုံးရင်း စင်ပေါ်လှမ်းကြည့်မိ၏။သူ အဖြေမပေးနိုင်ခင် တစ်ဖက်မှ

ကိုသူရက နောက်လေသည်။

"ကိုဘုန်းကို မေးမနေပါနဲ့ မသက်ရယ်....သူက ကမ႓ာမှာ

သူ့မဟေသီပဲအလှဆုံးလို့ ထင်ထားတာ"

"အဟင်း"

သူ ဘာမှပြန်မပြောပဲ ဆံပင်သပ်သလို၊ဘာလိုလိုနှင့် ရယ်ပြလိုက်ရ၏။တဆက်တည်းမှာပဲ သူမရဲ့ အေးစက်စက်မျက်နှာကိုမြင်ယောင်လာတော့ ချက်ချင်း ခေါင်းကထုတ်ပစ်သည်။

"grand final ကျရင် ဇနီးမောင်နှံနှစ်ယောက်လုံး လာခဲ့နော်....

အဲဒီ့နေ့ ဂုဏ်ပြုပြန်းစည်းလေး ပေးရဦးမှာ...."

"ဟုတ်ကဲ့ မသက်"

ဂါဝန်တွေက သက်တန့်လိုအရောင်အသွေးစုံလင်ကာ သူယောင်မယ်များကျွန်း ရောက်နေသလို Missတွေက တစ်ယောက်မှ

ပုံမကျပန်းမကျတာ မတွေ့။မျက်နှာအမူအရာ၊ခန္ဓာကိုယ်ကောက်ကြောင်း၊အရပ်အမြင့်တွေက ဘာမှပြောစရာမလိုလောက်

အောင် perfectဖြစ်နေပြီးသားပါ။

"ခါးနံပါတ် 9 မဆိုးဘူးနော်၊ ပြိုင်လာတဲ့ပွဲတလျှောက် အာ့ကောင်မလေးက averageအပြည့်ရထားတာ....physicalရော mentalပါ perfectဖြစ်နေတယ်....ဒိုင်လူကြီးတွေကလည်း သူ့ကိုပဲ မဲသာနေကြတာလေ...."

စင်ပေါ်ကြည့်လိုက်တော့ ခါးထောက်ကာ ခြေထောက်ခွဲရပ်ရင်း

ပြုံးနေသော ခါးနံပါတ်9 ပိုင်ရှင်အားတွေ့သည်။အများထဲက

တစ်ယောက်ဆိုပေမယ့် သူ့အလှက အားလုံးထက်ထူးခြားပေါ်လွင်နေတာက ကိုယ့်ကိုယ့်ကို ယုံကြည်မှုလွန်ကဲသည့်မာန်မျိုးဖြစ်၏။

အရင်က ဒီလိုပွဲတွေပြိုင်ဖူးလို့လားမသိ သူများတွေနှင့်မတူ

ရှက်ရွံ့ကြောက်လန့်ခြင်း မရှိပဲ မျက်နှာတည်တည်နှင့်ရပ်နေကာ

ဂါဝန်အစိမ်းရောင်နှင့်ပေါင်းစပ်လိုက်သည့်အခါ တင့်တယ်ကြော့မော့သော ဒေါင်းမလေးအသွင်သို့ပြောင်းသွားသည်။

သူမကို စိုက်ကြည့်ရင်း မှတ်ချက်ပေးမိတာက 'ဆိုးတော့မဆိုး

ပါဘူး' ဟူ၍။

"မေရီ ငါ နင့်ကိုမေးစရာရှိလို့"

အဝတ်လဲခန်းထဲရောက်ရောက်ချင်း မေရီ့ကိုတားလိုက်ကာ ဘယ်လိုစပြောရမှန်း မသိ၍ ခါးကုတ်လိုက်၊လက်လေးတွေ ပွတ်မိလိုက်လုပ်နေမိသည်။

မေရီက သူ့ဗွေးအသိုင်းအဝိုင်းကလာသူမို့ သူ မသိသည့်လူက ခပ်ရှားရှားရယ်။ဒိုင်လုပ်သည့် လူကြီးတွေနှင့်လည်း ရင်းနှီးကာ ဧည့်သည်တွေနှင့်လည်း သိသည်။ဒါပေမဲ့ ဘာအခွင့်အရေးမှ မယူပဲ သူမဘာသာကြိုးစားရှာသည်။

"မေးလေ....ဘာလဲ"

မေရီက နားကပ်ဖြုတ်ကာ မှန်ထဲကနေမေးဆတ်ပြလျှင် သူမလည်း ဘေးကခုံမှာဝင်ထိုင်လိုက်သည်။ခုနက စင်အောက်မှ အကြည့်စူးစူးတို့ကို ပြန်တွေးမိတော့ ရပ်တရပ် အပျိုဖြစ်နှန်းလို ရင်ဖိုလာတာ ဘာကြောင့်မှန်းတော့မသိပါ။

သူမ စင်ပေါ်တက်တည်းက ထိုသူကိုမျက်မှန်းတန်းမိနေကာ သူကလည်း ပွဲပြီးတဲ့ထိ ကိုယ့်ကိုပြန်စူးစိုက်ကြည့်နေ၏။သူ့ကို တွေ့မိတာ ဒါနဲ့ဆိုနှစ်ခါပါ။အရင်ပွဲတုန်းက ခဏလာပြီးပြန်သွားပေမယ့် လူတွေကြားထဲမှာထင်းနေတာမို့ မှတ်မိနေတာပါ။ မင်းသားလိုလို၊မော်ဒယ်ယောင်ယောင် ထင်ရပေမယ့် ဘယ်သူ့မေးမေးမသိဘူးဟုသာ ခေါင်းခါခဲ့ကြသည်။

"ခုနက မမသက်ဘေးမှာထိုင်နေတဲ့ အမျိုးသားလေ၊ ရှပ်အကျႌ အပြာကို အပေါ်က ကုတ်အကျႌအဖြူဝတ်ထားတယ်ကွာ.... မျက်မှန်ကို အိတ်ကပ်မှာချိတ်ထားတယ်၊ သူ ဘယ်သူလဲ ယူ

သိလား"

မေရီက မျက်မှောင်လေးကြုတ်ကာ ပြန်စဉ်းစားနေ၏။သိပ် မကြာလိုက်ပဲ သူ့ဆီက နာမည်သိရလေသည်။

"ကိုဘုန်းလကျော် ထင်တယ်၊ Paradise groupက သူဌေးလေ.... ဒီပွဲမှာ အများဆုံးsponsor ကျခံခဲ့တာ...."

ဘုန်းလကျော်....။ဝိုင် စိတ်ထဲမှ တိုးတိုးလေးရွတ်မိရင်း ခုန အချိန်တွေ ပြန်လှည့်သွားချင်မိ၏။ဘေးကလူတွေနဲ့ စကား ပြောရင်း ပြုံးလိုက်၊ဖုန်းကြည့်လိုက်နှင့် ထိုသူ့မျက်နှာကိုလုံးဝ မေ့မရအောင် မှတ်ထားမိ၏။

တစ်ခါတစ်လေ ဝိုင့်ကိုစိုက်ကြည့်ပြီး ပြုံးလျှင် အယောင်ယောင် အမှားမှားနှင့် ခါးကိုထောက်ထားသည့်လက်ကိုပဲ ဖြုတ်ချရတော့မလို၊ လမ်းလျှောက်နေရင်း လျှော်လဲတော့မလိုဖြစ်သွားသေးသည်။

ဘုန်းလကျော်ရယ်....ရှင်ဟာ လူကိုပြုစားတတ်တဲ့ စုန်းကဝေများလား။

***

## အခန်း(2)

စိန် အရင်တည်းက မိတ်ဆုံစားပွဲတွေ၊ဒင်နာပွဲတွေသွားရတာမကြိုက်ပေမယ့် ခုနောက်ပိုင်းတော့ သူ့လက်ကိုတွဲ၍ ပွဲတက်ဖို့ဆုံးဖြတ်လိုက်သည်။

သူကတော့ ဘယ်ပွဲဖြစ်ဖြစ် စိန့်ကိုခေါ်တတ်ပေမယ့် စိန်ကအမြဲ

ခေါင်းခါခဲ့သည်မို့ သူကလည်းဘာမှဆက်မပြောတော့ပါ။ဒါကြောင့် တချို့ပွဲတွေမှာ သူရောကိုယ်ရော ရှိနေတတ်ကြပေမယ့်

အချင်းချင်းခေါ်ဆိုနှုတ်ဆက်ချင်းမရှိကြ။

သူကလည်း သူ့မိတ်ဆွေတွေဖိတ်လို့လာကာ စိန်ကလည်း

မေမေ့မျက်နှာကြောင့် သွားရသည့်ပွဲတွေမှာဆို ဆုံဖြစ်ပေမယ့်

တစ်ယောက်တစ်နေရာစီ။ပြန်တော့လည်း တစ်ယောက်တစ်လမ်းစီက မနေ့တစ်နေ့ကအထိ။

"ဟော ကိုဘုန်းတို့ဇနီးမောင်နှံ ရောက်လာပြီ"

ဒီနေ့ Grand Final မို့ သူက မသွားမဖြစ်သွားရသည့်ပွဲမှာ စိန့်ကို

လာညှိတော့ ခေါင်းညိတ်ဖြစ်ခဲ့ကြပေမယ့် အခန်းထဲမဝင်ခင်ထိ

မျက်နှာတွေက တင်းမာနေကြသည်။

"ဒီတစ်ခါ အိမ်သူသက်ထားကိုအပါခေါ်လာတာပဲ…မင်းတို့ထက်

ငါ့ဇနီးက ပိုလှတယ်ဆိုပြီးတော့လား"

"ကိုသူရကတော့ နောက်နေပြန်ပြီ"

ဒီပွဲမှာအရေးပါ အရာရောက်သည့် ကိုသူရနှင့်မသက်ကိုပြုံးပြ

လိုက်ကာ စိန်တို့ကရှေ့ဆုံးမှာနေရာယူကြသည်။ရင်းနှီးနေသည့်

မျက်နှာတွေကို လိုက်နှုတ်ဆက်နေတာနှင့်ပဲ အချိန်ကုန်သွားကာ

Missတွေ catwalkလျှောက်တော့မှ စင်ပေါ်ပြန်လှည့်နိုင်၏။

"ဒီနှစ် Missက ဘယ်သူဖြစ်နိုင်မယ်လို့ မင်းထင်လဲ"

သူက နားကိုကပ်မေးတော့ လေငွေ့နွေးတို့ပါ ပါးပြင်ကိုပွတ်သပ်

ကျီစယ်သွားသည်။တခြားလူတွေကတော့ ဒီဇနီးမောင်နှံနှစ်ယောက် ချစ်လိုက်တာဟုထင်မှာဖြစ်ပေမယ့် စင်နဲ့နီးနေ၍ မကြားရတာတစ်ကြောင်း၊ ပြီးပြည့်စုံသော ဇနီးမောင်နှံ cos playကနေရတာကိုတော့ သူတို့နှစ်ယောက်သာသိသည်။

"ကျွန်မက ဗေဒင်ဆရာမှမဟုတ်တာ ဘယ်လိုလုပ် သိမှာလဲ"

ထိုစကားကို ကြားတော့ ဘာရယ်မဟုတ် အတိတ်တို့က ခေါင်းထဲမှာ တရေးရေးပေါ်လာသေးသည်။သူမကတော့ မှတ်မိမည်

မထင်။

"မင်းက ဘာမှလည်းမသိဘူး"

"ခါးနံပါတ်9ချာတိတ်မလေးမျက်လုံးက ရှင့်ဆီရောက်နေတာတော့ သိတယ်"

သူ့လက်ကိုဆုပ်ကိုင်ကာ နားထဲကပ်ပြောသောစကားတို့ကြောင့်

အသည်းတစ်ချက်ယားမိသွားသော်လည်း ဟန်ဆောင်ပန်ဆောင်ရယ်လိုက်ရ၏။

"ဘာလဲ မင်း သဝန်တိုနေတာလား"

"ရှင်တို့ငြိသွားရင်တောင် ကျွန်မကအေးဆေးပဲဆိုတာ ရှင်သိတယ်မလား"

နှစ်ယောက်သား လူမြင်ကွင်းရှေ့မှာတောင် ကျီစယ်နေပါလားဟု မျက်စောင်းထိုးကြမှာဖြစ်ပေမယ့် တိတ်တိတ်တိုးရန်ဖြစ်နေ

ရတာက ကာယကံရှင်တွေအသိ။

"အာ့လိုပဲ နေစမ်းပါ....မင်းက အရုပ်မလို မလှုပ်မယှက်ထိုင်နေတဲ့ပုံမျိုးနဲ့မှ လိုက်တာ...."

စိန် ဘာမှမပြောတော့ပဲ စင်ပေါ်ကိုပဲကြည့်နေမိကာ ကိုယ့်လက်ဖဝါးကို လာဆုပ်ကိုင်၍ မော့လိုက်တော့ သူဖြစ်နေ၏။သူကတော့

ကိုယ့်ကို တစ်ချက်မှစိုက်မကြည့်ပဲ စင်ပေါ်ကိုသာကြည့်နေသည်မို့ ရင်ထဲမှာတော့အောင့်သက်သက်နှင့်။

"Popular choice award ကို မင်းနဲ့ငါလောင်းကြေးထပ်မလား"

"ကျွန်မ နိုင်သွားရင် ရှင်က ဘာပြန်ပေးမှာလဲ"

"စကားပြင်ပြောစမ်းပါ....ငါနိုင်ရင် မင်း ဘာလုပ်ပေးမှာလဲ"

တစ်ခါတစ်လေကျတော့လည်း သူဟာမပြောင်းလဲပဲ ကိုယ်သာလျှင် အေးတိအေးစက်နိုင်နေတဲ့မိန်းမ ဖြစ်နေပါလားဟု စိန်တွေးကြည့်မိသည်။ အရင်ကလည်း နှစ်ယောက်သား ဘာရယ်

မဟုတ် လောင်းကစားတွေလုပ်ကြ၊စကြနောက်ကြတာတွေက

သိပ်ပျော်စရာကောင်းခဲ့ကြ၏။

ပြန်မရနိုင်တဲ့အတိတ်ကိုမှ မျှော်လင့်တောင့်တမိပေမယ့် ခုလိုကျ

တော့လည်း အရင်အချိန်တွေပြန်ရောက်သွားသလို။

"ဟိတ် ပြောတာကြားလား"

သူ တံတောင်ဆစ်နဲ့တို့လိုက်တော့ သူမကခေါင်းညိတ်ပြ၏။စိန်
ခြယ်မှုန်းဆိုသည့်မိန်းမက ဘယ်ခေတ်ကာလရောက်ရောက်
သူ နေတတ်သလိုမလှုပ်မယှက်၊မပွင့်တပွင့် နေတတ်တာက
အကျင့်လို့ဖြစ်နေသည်။ဗိုင်းကောင်းကျောက်ဖိမိန်းကလေးဆို
ပေမယ့် နေရာတကာတည်ငြိမ်လွန်းတာကတော့ သူ တစေ့မှကြည့်မရ။
"ကျွန်မကတော့ ခါးနံပါတ်13လို့ထင်တယ်၊ ရှင်ကရော"
"ငါက 20"
Missတိုင်းက သူ့ထက်ငါအလှပြိုင်နေကြကာ တစ်ယောက်မှ
အပြစ်ပြောစရာမရှိ။ဒီလိုအချိန်မျိုးဆို ဘုန်းလကျော်တို့မျက်လုံး
ကလည်း ကင်မရာထက်ပိုလျင်တာသိသောကြောင့် စိန်မဲ့ဖြစ်၏။
"Popular choice awardကတော့ ခါးနံပါတ်......"
"........."
".........."
"13 ပဲ ဖြစ်ပါတယ်"
Popular choice awardက စိန်ခန့်မှန်းထားသည့်အတိုင်း
ခါးနံပါတ်13ဖြစ်နေတော့ ပျော်ရွှင်စွာဖြင့်လက်ခုပ်လေးတီးမိသည်။
"တီတီတီ"
ပျော်နေတုန်း ဖုန်းဖွင့်ကြည့်လိုက်တော့ အိမ်ကကောင်မလေး
ဖြစ်နေသဖြင့်
"ဟဲလို မမလေး....ဘုံလေးက သူ့မာမီ ပြန်လာမှအိပ်မယ်ဆိုပြီး
ဂျီကျနေတယ်၊ ဘယ်လိုလုပ်ရမလဲဟင်"

နာရီကြည့်လိုက်တော့ ကိုးနာရီထိုးတော့မည်။သမီးက သူမသိပ်

မချင်း တခြားလူတွေကို ဂျစ်တိုက်မှာသိနေသဖြင့်

"တို့ အခုပြန်လာခဲ့မယ်....သမီးကို မာမီပြန်လာပြီလို့ပြောလိုက်"

"ဟုတ်"

ကလေးမွေးထားသည့်မိခင်တိုင်းက ဘယ်နေရာသွားသွား

စိတ်ဖြောင့်လက်ဖြောင့်မရှိကြတာ ခုမှကိုယ်ချင်းစာမိသည်။

အလှူတွေသွားလျှင် ကလေးအမေတွေ ပျာယာခတ်နေတာ

ကြည့်ပြီး နှာခေါင်းရှုံ့မိခဲ့ပေမယ့် စိန်ရောဘာထူးလို့လဲ။ပွဲမပြီး

သေးခင် ထပြန်ရမည့်အဖြစ်ကိုအားနာပေမယ့် မပြန်လို့ကလည်းမဖြစ်သည်မို့

"ကျွန်မ ပြန်မှဖြစ်တော့မယ်၊ သမီးက မအိပ်သေးပဲ ဂျီကျနေလို့"

"အတူပြန်ရအောင်"

"ရပါတယ် ရှင် ဂုဏ်ပြုပွဲစည်းလက်ခံရဦးမှာမလား....နှစ်ယောက်လုံးမရှိတာထက် ရှင်ရှိနေတာ ပိုကြည့်ကောင်းတာပေါ့"

"ငါ့သမီးအတွက် ဘယ်အရာမှအရေးမကြီးဘူး....ထ"

နှစ်ယောက်လုံး မျက်နှာပူပူဖြင့် လူကြီးတွေကို မနည်းတောင်းပန်ပြီး ပြန်ထွက်လာရသည်။နောက်များတော့ စိန်တို့ကလေးချီပြီး

ပွဲတက်ရမည့်သဘောမှာရှိနေသည်။

***

crownကို ကေသာထက် ဂုဏ်ယူဝံ့ကြွားစွာတပ်ဆင်ထားသော်

လည်း မပျော်နိုင်သူက ဝိုင်ပဲဖြစ်နေသည်။ကိုဘုန်းလကျာ်နှင့်

ပွဲတက်လာသည့်မိန်းမက ဘယ်သူလဲ။ဘာလို့လက်ချင်းကိုင်ပြီး

ပြုံးပျော်နေကြတာလဲ။ရည်းစားလား၊ညီမလား။

နှစ်ယောက်အတူဝင်လာပြီး ပွဲပြီးခါနီးမှ နှစ်ယောက်ပြန်ထွက်သွားကြတာမို့ ဂုဏ်ပြုပန်းစည်းလည်း မချီးမြှင့်လိုက်ရ။ဝိုင်

crownရတာကိုလည်း သူမမြင်လိုက်ရတာမို့ ခံပြင်းနေမိကာ

မှန်တက်ခုံရှေ့မှာထိုင်နေတာ ပွဲပြီးတည်းကပါ။

"ဆုရတဲ့သူကလည်း လဒမှိုင်မှိုင်နေလိုက်တာ....မသိရင် ရည်းစားပူမိနေသလိုပဲ"

မေရီက ပီကေဝါးရင်းဝင်လာကာ ဝိုင့်ကိုတွေ့တော့ထောပနာ

ပြုသည်။ဝိုင်ကတော့ မေရီ့ကိုတွေ့လိုက်တာ ကယ်တင်ရှင်

တွေ့လိုက်ရသည့်အလား အနားတိုးသွား၍

"ဒီနေ့ ကိုဘုန်းလကျာ်တဲ့ပွဲအတူတက်လာတဲ့မိန်းမက ဘယ်သူလဲဟင်....နင် သိလား"

မေရီက မျက်ခုံးတစ်ချက်ပင့်သွားကာ ဝိုင့်ကိုစိုက်ကြည့်သည်။

ပြီးမှ

"သူက ဘုန်းလကျာ်ရဲ့ဇနီး စိန်ခြယ်မှုန်းပဲ....သူ့ဇနီးကိုယ်တိုင်က

ဒီဇိုင်နာလုပ်တယ်၊ သမီးလေး တစ်ယောက်လည်းရှိတယ်"

"ဘာရယ်"

မဟုတ်လောက်ပါဘူးဟု ထင်ခဲ့မိပေမယ့်ဟုတ်နေသည်။လူပျို

လူလွတ်လို့တော့ မထင်ထားပေမယ့် သမီးပါရှိနေသည်တဲ့လား။

နှစ်ယောက်လုံးချောကြတာမို့ ယှဉ်တွဲထိုင်လိုက်တော့လည်း

အရမ်းလိုက်ဖက်ညီတာပါ။သခွားရောင်ဇာဝတ်စုံပေါ်မှာ ပြိုးပျက်လက်နေသည့် crystalလုံးတွေဝတ်ဆင်ထားသော သူ့ဒြေး

ကတော်ရဲ့ကျက်သရေရှိသည့်အလှက သူမနဲ့မယှဉ်နိုင်တာတော့

အမှန်။ဒါပေမဲ့ မစခင်တည်းကဇာတ်သိမ်းသွားတာ ဘာကြောင့်လဲ။

"ကိုဘုန်းလကျာ်နဲ့ မော်ဒယ်လောကက မိန်းကလေးတွေမကင်းရာမကင်းကြောင်းရှိတယ်ဆိုတာ အမှန်ပဲ၊ မော်ဒယ်တိုင်းလိုလိုနဲ့ သူနဲ့ငြိဖူးတယ်

သူတို့လက်မထက်ခင် ရည်းစားဘဝတည်းက ကိုဘုန်းလကျာ်က

ထင်တိုင်းကြဲပြီး ပွေရှုပ်ခဲ့တာ၊ ဒါပေမဲ့ အချိန်တန်ရင် သူ့ဇနီး

စိန်ခြယ်မှုန်းရင်ခွင်ထဲပဲ ပြန်ဝင်ခဲ့တာပဲ...."

"သူ ပွေရှုပ်နေတာကို သူ့မိန်းမက ဘာမှမပြောဘူးလား"

"မစိန်ခြယ်မှုန်းက အေးတယ်၊ သူ့ဘာသူနေတတ်တယ်....ကိုဘုန်းလကျာ်ကိုယ်တိုင်က ရည်းစားတွေသုံးလေးယောက်ပြိုင်ထား

ခဲ့ပေမယ့် သူ့မိန်းမကိုတော့ ဘယ်သူမှအထိခံတာ မဟုတ်ဘူး၊

ပြီးတော့ သူ့မိန်းမကို ချစ်တယ်ဆိုတာထက် အရမ်းတန်ဖိုးထား

တာ"

မေရီက ခုမှစကားတွေ အိတ်သွန်ဖာမှောက်စုပြုံချကာ ဝိုင့်ကို

သတိပေးနေတာလား ဘာလားမသိပါ။

"ဒါပေမဲ့ မိန်းမတစ်ယောက်ကိုချစ်တဲ့ယောကျာ်းကတော့ အပြင်

မှာ ဖောက်ပြန်မှာမဟုတ်ပါဘူး....သူ သူ့မိန်းမကို မချစ်လို့သာ"

"ဘုန်းလကျာ်က စိန်ခြယ်မှုန်းကိုချစ်တယ်လို့ ငါမပြောမိပါဘူး၊

စိန်ခြယ်မှုန်းထက် ချောပေ့လှပေ့ဆိုတဲ့မိန်းမတွေနဲ့လည်း သူ
တွဲခဲ့ဖူးတာပဲ....လူကုံထံအသိုင်းအဝိုင်းက မိန်းကလေးတွေ
လည်း ဘုန်းလကျာ်ကိုတွေ့တာနဲ့ ချက်ချင်းနောက်ကပါလာကြတာ....
ဒါပေမဲ့ ဘုန်းလကျာ်က ပြတ်ပြီဆိုတာနဲ့ နောက်ပြန်လှည့်မကြည့်
တော့တာ သူ့အကျင့်....စိန်ခြယ်မှုန်းနဲ့မြဲနေတယ်ဆိုတာ သူတို့ကြားမှာ အချစ်ဆိုတဲ့စကားလုံးထက် ပိုမြဲတဲ့အရာတွေနဲ့
တည်ဆောက်ထားလို့ပဲ...."
"နင်က ဘုန်းလကျာ်သမိုင်းကြောင်းကို စုံစမ်းထားတာလား၊
နင်ရော သူ့ သူ့ကျော့ကွင်းမှာ မိသွားဖူးလို့လားဟင်"
ထိုအခါ မေရီ့မျက်နှာလေး တစ်ချက်ပျက်သွားပေမယ့် ဝိုင့်ကို
သနားသလိုကြည့်ကာ ပြုံးပြသည်။
"ငါ နင့်ကိုခင်လို့ သတိပေးနေတာ၊ နင့်အတွေးတွေ၊စိတ်ကူးယဉ်
အိပ်မက်တွေကို ရပ်တန်းကရပ်လိုက်တာ ကောင်းမယ်.....
နင် စိတ်ကူးထားတဲ့အတိုင်း သူနဲ့ရည်းစားဖြစ်ချင်ဖြစ်နိုင်မယ်၊
သူ့ကို ချွဲလို့ကပ်လို့ရလောက်မယ်....ဇာတ်သိမ်းကတော့ လှမှာ
မဟုတ်ဘူး သူငယ်ချင်း၊ ဘုန်းလကျာ်က ဘယ်သူ့အတွက်ကြောင့်နဲ့မှ စိန်ခြယ်မှုန်းကို လက်လွှတ်ဆုံးရှုံးခံမှာ မဟုတ်လို့ပဲ"
အို သူ့မိန်းမကို မချစ်လို့သာ သူစိတ်ထင်တိုင်းပွေရှုပ်နေတာပေါ့။ပြီးတော့ မိန်းမတစ်ယောက်ကရော ယောကျာ်းတစ်ယောက်ရဲ့ ဖောက်ပြန်မှုကို ဘယ်ချိန်ထိသည်းခံနိုင်မယ်ထင်သလဲ။
ဝိုင်တို့ တစ်ခုခုကို targetထားပြီဆိုရင် ပစ်မလွဲတတ်တာ ငယ်ငယ်တည်း

က။ထိုအရာဟာ ကမ႓ာကြီးဖြစ်ဖြစ်၊ လူဖြစ်ဖြစ်။ဝိုင်တို့ကတော့ ကိုယ်မှန်ရင် ကုတင်ရွှေနန်းပဲ။

***

"ဒီနေရာမှာ စက်ရုံဆောက်မယ်ဆိုရင် ဒီကလူတွေ ဘယ်လိုလုပ်မလဲ၊ ခင်ဗျားတို့ အဆင်ပြေပါတယ်ဆိုလို့ ကျွန်တော်ခေါင်းညိတ်ခဲ့တာနော်....ဒီပုံစံတိုင်းဆို မလွယ်ဘူး"

စက်ရုံဆောက်မည့်နေရာက မြေကွက်လပ်ကြီးမဟုတ်ပဲ ကျူးကျော်တဲတွေ စုပုံနေသောရပ်ကွက်ဖြစ်နေသည်။ထိုကျူးကျော်တဲတို့က ကွက်စေ့နေကာ အေးအေးဆေးဆေးပြောရုံနှင့်လည်း ဖယ်ပေးမည့်ပုံမပေါ်။

သူ စိတ်ရှုပ်သွားကာ ခါးထောက်၍ရပ်ရင်း မျက်စိတစ်ဆုံးလိုက်ကြည့်မိနေသည်။နောက်မှ ကိုသန့်စင်က အခြေအနေမဟန်တော့ စကားလေပြေထိုးသည့်ပုံဖြင့်

"ကျူးကျော်တဲတွေကို ဘူဒိုဇာနဲ့ထိုးလိုက်ရင် လွယ်လွယ်လေးပြီးသွားမှာပဲ ကိုဘုန်း....ဒီမှာ ကျူးကျော်တဲတွေရှိနေလို့ဆိုပြီး လက်လွှတ်လိုက်ရင် ကျွန်တော်တို့ပဲနစ်နာသွားမှာ...."

"ဘူဒိုဇာနဲ့မကလို့ အဏုမြူဗုံးကြဲချပြီး ရှင်းရှင်း ကိစ္စက ပြီးသွားမှာမဟုတ်ဘူးဆိုတာ ခင်ဗျားသိသင့်တယ်၊ သူတို့ကိုဖယ်ခိုင်းလို့ ဆန္ဒပြတာပဲဖြစ်ဖြစ် မီဒီယာတွေလက်ထဲရောက်သွားတာပဲဆိုဆို အရင်ဒုက္ခရောက်မှာက ကျုပ်တို့ပဲ"

နေထိုင်သည့်လူအများစုက လက်လုပ်လက်စားတွေမို့ အဖေနဲ့

အမေက မိုးလင်းမိုးချုပ် ငွေရှာထွက်ကြပြီး ကလေးတွေကို ပစ်ထားသလိုဖြစ်နေသည်။

အကျႌသာဝတ်ပြီး ဘောင်းဘီမပါသော ကလေးတွေက လမ်းပေါ်ပြေးတဲ့သူကပြေး၊ အိမ်အောက်က ရေညစ်တွေကို ခွက်နဲ့ ခပ်သောက်တဲ့သူကသောက် ဘယ်ကြည့်ကြည့် စိတ်မချမ်းမသာတွေချည်းပါ။

ဒီမှာ ဆက်မနေချင်တော့တာမို့ သူ ကားပေါ်ပြန်တက်ရင်း စက်ရုံကိစ္စ ဘယ်လိုလုပ်ရမလဲ ခေါင်းထဲထည့်နေရသည်။

"ကိုသန့်စင်....ဒီကိစ္စကို နားထားလိုက်ဦး၊ ဒီနေရာမှာ ဘယ်လိုမှ စက်ရုံဆောက်လို့ရမှာမဟုတ်တဲ့အတွက် မေ့ထားလိုက်တော့...."

ဘုန်းလကျာ်က သူ့ကိုတစ်ယောက်တည်းထားခဲ့သည့်အတွက် သန့်စင်မှာ ခြေလျှင်လျှောက်ပြန်ရမလိုလို၊တက္ကစီငှားပြန်ရမလို ဖြစ်နေကာ သူ့သဘောထားကိုပါ သေချာသိသွား၏။

ဘုန်းလကျာ်က အလုပ်လုပ်လျှင် တိကျပြတ်သားမှုကြိုက်သူဖြစ်ကာ အပြစ်ရှာစရာမလိုသည့်ပရောဂျက်ကို ခေါင်းတစ်ခါတည်း ငြိမ့်သည်။

ဒီကိစ္စကြောင့် သန့်စင်တော့ ဘုန်းလကျာ်မျက်နှာသာပေးခြင်း မခံရတော့ဘူးဟု တပ်အပ်တွေးမိကာ....။

***

"အစ်ကိုလေး နေ့လည်တည်းကပြန်ရောက်ပြီး အခန်းထဲမှာ

အိပ်နေတယ်ထင်တယ်၊ နေ့လည်စာလည်း မစားဘူး ...မမလေး"

စိန်ပြန်ရောက်ရောက်ချင်း မာလာက ဆီးကြိုပြောတာမို့ သူ့အခန်းရှေ့သွားပြီး အခန်းတံခါးခေါက်မည်ပြင်စဉ် သူကထွက်လာသည်။

"ဘာလဲ"

"ရှင် ညစာစားမယ်မလား"

"မစားဘူး"

ဖုန်းကို ဘောင်းဘီအိတ်ထဲထည့်ကာ တီရှပ်မီးခိုးရောင်ပေါ်မှာ လည်သာဂျာကင်အနက်စွေးစွေးဝတ်၍ ဘောင်းဘီကလည်း အနက်ဖြစ်၏။

မင်းသားရှုံးအောင် ပြင်ဆင်ထားတာမို့ ဒီည သူ အပြင်မှာနေမည်ဆိုတာကိုသိ၍ စိန် စိတ်ညစ်သွားရပြန်သည်။

"ရှင် နေဦး"

"ဘာလဲကွာ"

"ရှင် တစ်ပတ်လောက် အိမ်မှာနေဖို့ အဲဒီ့လောက်ခက်လား ကိုဘုန်းလကျာ်"

"မင်းကရော ဘာစိတ်ကူးတွေပေါက်ပြီး တော်လေးဝဝင်မိန်းမဖြစ်ချင်နေတာလဲ....ဆေးမှားသောက်မိတာလား"

"ဆေးမှားသောက်မိလို့ ရူးသွားတယ်ဆိုရင်တောင် ကျွန်မသမီးအတွက်ပဲ....ရှင် ညဘက်အပြင်မထွက်လို့မရဘူးလား"

"မရဘူး"

တချို့က ပြောကြသည်။စိန်က သူ့ကိုမနိုင်ဘူးလားတဲ့။

သူ့ကို စိန် ဘယ်တုန်းကအနိုင်ရဖူးလို့လဲ။မလုပ်ပါနှင့်ဆို ပိုလုပ်

သည်။မသွားပါနှင့်ဆိုလျှင် အိမ်ကိုပြန်မလာတော့တာ ဘုန်းလကျာ်။ဒီလို တွေဖြစ်နေတာ စိန်က ဒီ့ထက်ပိုပြီးဘာပြောရဦးမှာလဲ။

"ပြီးတာပဲ"

သူမက ဆက်မပြောပဲလှည့်ထွက်သွားလျှင် သူတစ်ယောက်

တည်း ရပ်ကျန်ခဲ့သည်။ယောကျာ်းကို ဘယ်တုန်းကမှမချုပ်ကိုင်ဖူးသည့် သူမက လတ်တလောပြောင်းလဲလာသည် ထင်ရ

ပေမယ့် ဒုံရင်းကဒုံရင်းပါပဲ။

ယောကျာ်းဖြစ်သူကို ချွဲနွဲ့ပြောတတ်တာတွေ၊ အသနားခံတာမျိုး

တွေ စိန်ခြယ်မှုန်းမလုပ်တတ်မှန်းသိသဖြင့် သူကလည်းမျှော်လင့်မထား။

အစတည်းက သူတို့အိမ်ထောင်ရေးက ငရဲပန်းနှင့်ရွှေပန်းဖြစ်

နေသည်မို့ ဘယ်လိုမှရင်ကြားစေ့လို့လည်းမရတော့။

"ဒယ်ဒီ....အပြင်သွားမလို့လား"

သမီးက သူ့ရှေ့ရောက်လာကာ ညအိပ်ဂါဝန်ပွပွ၊အရုပ်လေး

ဖက်ထားရင်း မေးရှာသည်။အပြင်သွားဖို့လည်း ဘယ်လိုမှ

စိတ်မပါတော့တာမို့ သမီးရှေ့မှာမုဆိုးဒူးထောက်ထိုင်ကာ

"မသွားပါဘူး မင်းသမီးလေးရဲ့....ဒယ်ဒီက အိမ်နေရင်းလည်း

ဒီလိုပဲဝတ်တတ်တာ၊ သမီး မအိပ်သေးဘူးလား"

"သမီးက ဒယ်ဒီနဲ့မာမီနဲ့အတူအိပ်ချင်တာ"

သမီးကိုချီလိုက်တော့ သူ့ပုခုံးပေါ်ခိုထားရင်း သူ့အမေအခန်းကို

သွားဖို့ လက်ညှိုးညွှန်သည်။သူနှင့်သူမ အခန်းက မျက်နှာချင်း

ဆိုပေမယ့် အောက်ထပ်ကိုဆင်းသည့်လှေကားခြားထား၏။

သူသွားသင့်မသွားသင့်စဉ်းစားနေစဉ်မှာပဲ သမီးက

"ဒယ်ဒီ သွားမယ်လေ"

"ဟုတ်ပါပြီဗျာ"

ဘာပဲဖြစ်ဖြစ် သမီးအိပ်ပျော်ဖို့က အဓိကဖြစ်နေတာမို့ သမီး

အိပ်တော့မှ ပြန်ထွက်လာမည်ဟုစဉ်းစားကာ အခန်းတံခါး

ခေါက်လိုက်သည်။

"သမီး မအိပ်သေးဘူးလား"

စိန် သူ့ဆီက သမီးကိုချီလိုက်ကာ မေးရင်း သူ့ကိုကြည့်လိုက်တော့ ခုနက အဝတ်အစားနဲ့ပဲ ဖြစ်နေသည်။ခုမှအပြင်ထွက်မှာလား၊ဘာလားတော့ မသိပါ။

သမီးကို ခုတင်ထက်ချလိုက်တော့ သူကပါအခန်းထဲထိဝင်လာပြီး ဂျာကင်ချွတ်၍ပြောသည်။

"ငါ ဒီည ဒီအခန်းမှာအိပ်မယ်"

"ဒါဆို ကျွန်မ သမီးအခန်းမှာသွားအိပ်လိုက်မယ်"

သူ အံကြိတ်လိုက်တာကိုမြင်ပေမယ့် စိန်မသိချင်ယောင်ဆောင်

ကာ အခန်းပြင်ထွက်လာတော့ သူကလက်မောင်းကိုဆောင့်ခနဲ

ဆွဲချ၏။

"ရှင် ဘာလုပ်တာလဲ"

"အာ့စကားကို ငါကမေးရမှာ...မင်းကမှ ဘာအချိုးချိုးနေတာလဲ၊ သမီးက

အမေနဲ့အဖေနဲ့တူတူအိပ်ချင်နေတယ်ဆိုတာ မင်း

မသိဘူးလား"

"ဒီဝေဒနာကို ရှင့်ထက်အရင် ကျွန်မကခံစားလာရတာပါ....ညတိုင်း ဒယ်ဒီဘယ်မှာလဲလို့ သမီးမေးတိုင်း ကျွန်မ မုသာ

ဝါဒကံ ကျူးလွန်ရတယ်...ကားသံကြားတာနဲ့ ဒယ်ဒီပြန်လာပြီ

လား မသိဘူးလို့ ပြောလွန်းလို့ ခြံထဲမှာ ပွေ့ချီရင်း ညဥ့်နက်ခဲ့

ဖူးတာတွေလည်းရှိတယ်....ရှင့်လက်သည်းဆိပ်မှ နာတတ်တာ

ဆိုရင်တော့ ဖခင်ဝတ္တရားကျေပြနေလည်း အပိုပဲ..."

"ဒါဆို ငါ ဘာလို့ဒီလိုလုပ်နေတာလဲလို့ မင်းမေးဖူးလား...ငါ့ကို

လိုက်ခေါ်ဖို့၊ဖုန်းဆက်ဖို့ရော မင်း ခေါင်းထဲမှာမတွေးမိဘူးလား"

ထိုစကားတို့ကြောင့် စိန်က မဲ့ပြုံးပြုံးကာ ကျားသစ်မလေးလိုသူ့ကို စိုက်ကြည့်သည်။

"ပူနေတဲ့အချိန်မှာတော့ အေးမြမှုလိုချင်တဲ့အတွက် ယပ်တောင်

လိုချင်ကြတာချည်းပဲ....ဒါပေမဲ့ တစ်သက်လုံး အပူဒဏ်ခံစား

နေရမှာမှ မဟုတ်တာ၊ ရာသီဥတုအေးလို့ အနွေးဓာတ်ရပြီဆို

ရင် ယပ်တောင်မှာ ဘာတန်ဖိုးမှမရှိတော့ဘူး....

ကျွန်မလည်း ခုချိန်ကစပြီး ရှင့်ကို ဘာလုပ်ပါ၊ညာလုပ်ပါလို့

မပြောတော့ဘူး....ဒါပေမဲ့ ကျွန်မဘက်က မှားခဲ့တာတွေလည်း

ရှိတဲ့အတွက် ရှင့်အပေါ်မှာ မယားဝတ္တရားကျေပွန်အောင်

ဖြည့်ဆည်းပေးသွားမှာပါ....ဖြစ်ခဲ့သမျှကိစ္စတွေမှာ ကျွန်မ

ကြောင့်လို့ လက်ညှိုးထိုးမခံချင်ဘူး"

စိန်ခြယ်မှုန်း တော်တော်ပြောင်းလဲသွားခဲ့သည်။အရင်လို နူးညံ့သိမ်မွေ့သည့်မိန်းကလေးမဟုတ်တော့ပဲ ခံစားချက်တွေအုံဖွဲ့လာသည့် မိန်းမတစ်ယောက်ဖြစ်လာ၏။ဒီလိုဖြစ်အောင် သူပဲလုပ်ခဲ့တာလား။

***

အခန်း (3)

"စိန်ရယ်....နင့်မှာလည်း vegetarian ဖြစ်ပြီး ယောကျာ်းစားဖို့ ဆိတ်သားဟင်းကို ချက်ပေးနေလိုက်တာ....မမောနိုင်မပန်းနိုင်"

သရဖီရောက်လာပြီဆိုလျှင် တစ်အိမ်လုံးဆူညံသွားတတ်တာကထုံးစံပါ။ခုလည်း စိန်ဟင်းချက်တဲ့ဘေးမှာ မတ်တပ်ရပ်နေကာ ရွဲ့စောင်းနေပြန်သည်။

"ငါ vegetarian မဟုတ်ပါဘူးဟာ၊ နွားနို့နဲ့ ကြက်ဥ စားပါတယ်ဆို"

"အသားငါး မစားတာ vegetarianပဲ"

ဒီသူငယ်ချင်းမကို ဘယ်တုန်းကမှစကားအရာမှာ မနိုင်ဖူးသော စိန်က ဘာမှမပြောပဲ ပြုံးနေမိ၏။ဒါကိုပဲ မယ်မင်းကြီးမက အပြစ်မရှိ အပြစ်ရှာ မြည်တွန်တောက်တီးပြန်သည်။

"နင့်ကို ငါနားမလည်နိုင်တော့ဘူး စိန်၊ အသားငါး ကိုင်ရမှာ သေမတတ် ရွံရှာတတ်တဲ့လူက ဘေုန်းအတွက် ဘယ်သူ့ကိုမှ ဝင်မခိုင်းပဲ ကိုယ်တိုင်ချက်နေတာ သုံးပွဲရှိပြီ"

ငါးရှဥ့်စပ်ခြောက်ကြော်၊မုန်လာဥချဉ်ဟင်းနှင့်ဆိတ်သားနှပ်က ဘုန်းလကျာ်အကြိုက်တွေချည်းသာ။ဘယ်သူ့ကိုမှ မီးဖိုချောင်မဝင်ခိုင်းပဲ အသားတွေကို စိန်ကိုယ်တိုင် ကိုင်ကာ စိတ်ပါလက်ပါချက်ပေးနေတာနှင့် ဒီနေ့ အလုပ်နားရပြန်လေသည်။

"အစ်ကိုလေးကလည်း မမလေးချက်ကျွေးတဲ့ဟင်းမှ စားတာ

မမသရဖီ....မာလာတို့ချက်ထားတဲ့ဟင်းဆို လက်နဲ့တောင်မထိဘူး...."

နောက်ပါးမှ မာလာက ဝင်ပြောတော့ သရဖီက 'တွေ့တယ်မလား' ဆိုသည့်ပုံနှင့် မျက်စောင်းထိုး၏။

စိန်ကိုယ်တိုင်က အသားငါးမစားသူဖြစ်ကာ ထိုအသားငါးတွေကို ကိုင်တွယ်ရတာရွံသည်။ကိုယ့်သူငယ်ချင်းအကြောင်း ကိုယ်

အသိဆုံးဆိုပေမယ့် သရဖီ ဘယ်နေရာမှာနောက်ကျကျန်ခဲ့လဲ

မသိပါ။

"ကဲ ပြီးပြီ....မာလာရေ ဟင်းတွေခပ်လိုက်တော့၊ သူ သမီးကို

ကျောင်းကြိုရင်းနဲ့ ပြန်လာတော့မယ်ဆိုတော့ အချိန်နီးနေပြီ"

"ဟုတ်ကဲ့ မမလေး"

သရဖီက စိန့်နောက်က တကောက်ကောက်လိုက်လာနေတော့

ဆိုဖာမှာဝင်ထိုင်လိုက်ရသည်။

"နင်ပြောချင်နေတာကို ငါနားလည်ပါတယ် သရဖီရယ်၊ ဒါပေမဲ့

ဒီတိုင်းဆက်သွားရင် ရေရှည်မှာ အပျက်ပျက်နဲ့နှာခေါင်းသွေး

ထွက်ကုန်ကြမှာ"

"နင့်ကိုငါ အိုဗာမလုပ်နဲ့လို့ပြောတာ၊ သူ့ဝေယျာဝစ္စတွေ နင်လိုက်လုပ်ပေးစရာ မလိုပါဘူး....နင် အစစအရာရာသည်းခံနေလို့

သင်း နင့်ခေါင်းပေါ်တက်တက်နင်းနေတာ"

သရဖီက သူနှင့်ကျောင်းနေဖက်ဆိုလျှင်လည်းဟုတ်သည်၊စိန်နှင့်သူငယ်ချင်းဆိုလျှင်လည်း မှန်၏။နှစ်ဖက်စလုံးက ကိုယ့်သူငယ်ချင်းအရင်း

ကြီးတွေဆိုပေမယ့် မိန်းကလေးချင်းကိုယ်ချင်း

စာတာကြောင့် စိန့်ကိုပိုတွယ်တာလေသည်။

"ငါမှ မလုပ်ပေးရင် ဘယ်သူကလုပ်ပေးမှာလဲ၊ ငါ့ဘက်က ပျက်ကွက်ခဲ့တဲ့ ဝတ္တရားတွေလည်းအများကြီးပဲ....သူနဲ့ငါ သုံးနဲ့လေးလို ဖြစ်နေရင်တောင် ငါ့သမီးလေးအဖေက ဘုန်းလကျာ်၊

သူနဲ့ငါ့မှာ ဘာနှောင်ကြိုးမှမရှိရင်တော့ ကွာရှင်းဖို့ဆိုတာ လွယ်လွယ်လေး ပေါ့ပါဟယ်....သမီးလေးရှိနေလို့ သူဘာလုပ်လုပ် ငါသည်းညည်းခံနေတာ...."

အခုဆို စိန်ဟာ ထိုစကားတွေကို မျက်နှာသေနှင့်လည်းပြောနိုင်

ပြီ။ရယ်ရယ်မောမောနှင့်လည်း အရွှန်းဖောက်နိုင်ပြီ။အရင်ကတော့ သူ့ အကြောင်းတွေးမိတိုင်း ရင်ဘတ်ကအလိုလိုနာလာကာ

ညတိုင်း ခေါင်းအုံးထက် မျက်ရည်တို့ခစားရ၏။တစ်ဦးတည်း

သော သူငယ်ချင်း သရဖီကို ရင်ဖွင့်လျှင်လည်း မျက်ရည်နှင့်

မျက်ဖတ်ပါ။

"သမီးကြောင့်ပဲ သူနဲ့နင် နီးဖို့ဖြစ်လာခဲ့တာ စိန်....ငါ အစတည်းက အတန်တန်မှာထားရက်နဲ့"

သရဖီ့စကားတို့က နာကြည်းချက်ပါနေပေမယ့် စိန်ကတော့

ဘယ်သူမပြု မိမိမှုလို့သာတွေးထားလေသည်။

"ခြုံမှန်းသိပေမယ့် စွတ်တိုးတာ ခြုံမထွင်းတဲ့လူရဲ့အမှားမဟုတ်ဘူး....ယုန် ရဲ့အမှားပဲ....ပန်းကတော့ လာပါ၊လာပါလို့ ဖြား

ယောင်းတာမဟုတ်ပေမယ့် ပျားတွေကတော့ ပန်းရဲ့မွှေးရနံ့ကို

ရလို့ အလိုလိုရောက်လာတာပဲလေ..."

"ဘေုန်းလည်း ဘာတွေစဉ်းစားနေမှန်းမသိဘူး ၊ ဟို ဟိုကိစ္စကြောင့်များ သူ နင့်ကိုငြိုးနေတာလား"

"အဲဒ့ါလည်း ပါပေမယ့် သူကိုက အသစ်မြင် အဟောင်းမေ့ပါ...

ငါ့ကိုရော ဘယ်တုန်းက ဇနီးမယားတစ်ယောက်လိုဆက်ဆံဖူးလို့လဲ"

"ဒါဆို နင်ရွေးရမှာ နှစ်လမ်းပဲရှိတယ် မိစိန်....သူ့ကို ဒီတိုင်းလွှတ်

ထားမလား မိန်းမမာယာနဲ့ ပြန်မြူဆွယ်မလားဆိုတာကိုပဲ..."

'ပေါက်ကရပြောနေပြန်ပြီ' ဆိုသည့် အကြည့်နှင့် စိန်က ပြုံးပြုံး

ကြီးနေကာ ဘာမှတော့ဆက်မပြောပေမယ့် တွေးမိလိုက်သည်။

အရင်တည်းကရော ခုချိန်ထိ သူ့ဘေးမှာ စိန့်ထက် ချောလှတဲ့

နယ်ပယ်အစုံက မိန်းကလေးတွေ လိပ်ပြာလိုဝဲနေတာပါ။

ဒါတောင် ဘုန်းလကျာ်က အလွန်ဆုံးတွဲ သုံးလေးလရယ်။ဘယ်

မိန်းမကိုမှလည်း အချိန်ကြာကြီး ပိုးပန်းရသည်မရှိခဲ့ပါ။သူ စကားတစ်ခွန်းပြောလိုက်တာနှင့် အားလုံးကခေါင်းညိတ်ခဲ့ကြသည်။သို့သော် အလှပဂေးတွေကိုတောင် နှစ်ပေါက်အောင်တွဲခဲ့ဖူးတာမရှိသည်မို့ စိန်ရဲ့အလှမာယာနှင့် ဘုန်းလကျာ်ကို သွေးဆောင်

ဖြားယောင်းဖို့က ဘယ်နည်းနှင့်မှမဖြစ်နိုင်။

"ဟဲ့ မိစိန်....ငါပြောတာ ကြားရဲ့လား"

"ဟင် ဘာပြောလိုက်တာလဲ"

"နင်တို့ အတူရောအိပ်ကြရဲ့လားလို့"

စိန် မျက်နှာပျက်သွားပေမယ့် ချက်ချင်းဟန်ဆောင်ရယ်မောလိုက်ရင်း

"သရဖီရယ် နင် ခုမှအိမ်ရောက်တာ၊ ခဏနားပါဦး....မပင်ပန်း

ဘူးလားလို့"

"ဒီပဋ္ဌိပက္ခတွေ ဖြစ်နေတာ ငါကဘယ်လိုပင်ပန်းနိုင်မှာလဲ စိန်...

နင်တို့နှစ်ယောက် အဆင်ပြေတာကြည့်ပြီးမှ ငါပြန်မယ်၊ ဟိုမှာ

ဘာဖြစ်ဖြစ်...."

သူငယ်ချင်းက တရားဝင်ရာဇသံပေးလာသည်မို့ စိန့်မှာနေရခက်

နေသည်။သူကလည်း အိမ်မှာမြဲနေတာ သိပ်မကြာသေး။သရဖီ

နှင့်သူက ငယ်ငယ်တည်းက ကြောင်နှင့်ကြွက်လို ရန်ဖြစ်နေကြ

မို့ ဒီတစ်ခေါက်အိမ်မှာအေးဆေးနေရပ့်ါမလား တွေးရင်း....။

***

ထမင်းစားဝိုင်းထဲ မဝင်ခင်တည်းက ဟင်းအမယ်နံ့ကမွှေးကြိုင်

နေကာ ဝင်ကြည့်လိုက်တော့ ကိုယ်ကြိုက်သည့်ဟင်းတွေချည်း

ဖြစ်နေ၏။ကြည့်လိုက်တာနှင့် သူမချက်ထားသည်ဆိုတာ

သိနေသဖြင့် ဒီညတော့ အိမ်မှာပဲ ညစာစားဖြစ်ဦးမည်။

"ဝါး ဟင်းတွေက မွှေးနေတာပဲ"

ဘုံလေးကလည်း ရွှင်ပျပျပြောကာ သရဖီ့ပေါင်ပေါ်မှာဝင်ထိုင်သည်။

"ညည်းမာမီက အလုပ်ပျက်ခံပြီးတော့ကို ချက်ပေးထားတာ

မီးမီးရဲ့....သက်သက်လွတ်စားတဲ့လူက လင်ယောကျ်ားအတွက်

ချွေးတဒီးဒီးကျခံပြီး ပြင်ဆင်ပေးတာ"

"မာမီက ဒယ်ဒီ့ကိုချစ်တယ် တီလေး"

သရဖီနှင့်သမီးက အတူထိုင်နေတာမို့ မျက်နှာချင်းဆိုင်မှာရှိနေသည့် စိန့်မှာ မျက်စိမှိတ်ပြလည်းမရ၊ပေါင်လိမ်ကြော လိမ်ဆွဲ

လည်းမရပါ။သူကလည်း ထမင်းမစားသေးပဲ သရဖီတို့ပြောတာကို နားထောင်နေတာကြောင့် စိန်ကပဲ စလိုက်ရသည်။

"ကဲ စကားမများနဲ့တော့....ထမင်း၊ဟင်းတွေ အေးတော့မယ်"

"ညည်းဒယ်ဒီကရော မာမီ့ကိုမချစ်ဘူးလား"

"ဒယ်ဒီလည်း မာမီ့ကိုချစ်တာပဲ"

"ညောင်ဦးဖီးရယ် နင်တော်တော်စကားများတာပဲ....စားစရာရှိတာ မစားဘူး"

"ကလေးဆိုတာ လိမ်မပြောတတ်ဘူး ငဘုန်းရဲ့"

တွေ့လိုက်တာနှင့် နှစ်ယောက်ကရွဲ့စောင်းနေကြတာမို့ စိန့်အတွက်က ဘာမှမထူးဆန်းတော့ပါ။ထမင်းစားဝိုင်းမှာမို့ လေးစားမှု

ရှိနေကြတာလားမသိ ခေါင်းမဖော်စတမ်းစားကြတာမို့ တော်ပါသေးရဲ့ဟုတွေးနေပေမယ့် သရဖီက အခန်းကိစ္စနှင့်ထပ်မွှေပြန်သည်။

"သရဖီရယ် ငါနဲ့အတူအိပ်လိုက်ပါ၊ ငါတို့မတွေ့တာ နှစ်ချီနေပြီပဲ....နင်နဲ့အရင်လို အတင်းတွေပြောပြီး အိပ်ချင်တယ်"

"ငါက တစ်ယောက်တည်းပဲ အိပ်တတ်တာ၊ ငါအိပ်နေကျ ညည့်သည်အခန်းမှာပဲ အိပ်မယ်"

"အာ့အခန်းမှာ ဘုံလေးအဖေ အိပ်တာလေ....ငါနဲ့ပဲ နေလိုက်ပါဟယ်နော်"

"ဘုံလေးအဖေက နင့်ယောကျာ်းမဟုတ်ဘူးလား၊ နင်တို့အတူအိပ်ပေါ့....နိုင်ငံခြားကားတွေကြည့်ပြီး နိုင်ငံခြားကိုအတုခိုးရအောင် ဒါကမြန်မာနိုင်ငံ"

ချော့ပြောလို့လည်း မရ၊ခြောက်ပြောလည်း မကြောက်တတ်သည့်

သူငယ်ချင်းမကြောင့် စိန်ခေါင်းရှုပ်နေစဉ် သူက အနောက်မှာရောက်လာ ရင်း

"ဘာတွေဖြစ်နေကြတာလဲ"

"ငါ ဒီအခန်းမှာအိပ်မလို့၊ တခြားအခန်းတွေက ဟာလာဟင်းလင်းနဲ့ကု တင်မှ မရှိတာ....အဲဒ့ါ နင့်မိန်းမက မရဘူးပြောနေလို့"

"သူအိပ်ချင်တယ်ဆိုလည်း အိပ်ပါစေ....ထားလိုက်ကွာ"

သူကိုယ်တိုင်က ဒီလောက်ပဲပြောတာမို့ စိန်လည်းပါးစပ်ပိတ်နေ

လိုက်ကာ ကိုယ့်အခန်းထဲပဲပြန်ဝင်လာလိုက်သည်။

အဲဒီ့လူ ဘယ်မှာအိပ်မလဲစဉ်းစားမိပေမယ့် ချက်ချင်းခေါင်းထဲက ထုတ်၏။သူ့ဘာသာ ဘယ်မှာအိပ်အိပ် ငါနဲ့ဘာဆိုင်လို့လဲ။

"ဟင်"

မှန်တင်ခုံမှာထိုင်ပြီး ခေါင်းဖြီးနေစဉ်မှာပဲ သူက ညအိပ်ဝတ်စုံ

လဲကာ ကြယ်သီးတပ်နေသည်မို့ စိန် ထလိုက်ရသည်။

"ရှင် ဒီမှာအိပ်မလို့လား"

"ဟုတ်တယ်"

"ဒါဆို ကျွန်မ ဘုံလေးနဲ့သွားအိပ်လိုက်မယ်"

"ဘာ"

အသံက ခပ်ဆောင့်ဆောင့်ထွက်လာတော့ စိန်ခြေလှမ်းတို့ တုံ့ခနဲ

ရပ်သွားပေမယ့် လက်ကိုင်တံခါးဘုကိုကိုင်သည်။သို့သော် တံခါးက ပွင့်မ သွားပဲ လူက ဆွဲခေါ်ခံရကာ ကုတင်ထက်ပုံခနဲ

ကျသွားတာ အကြမ်းပတမ်း။

"မင်းက ငါနဲ့အိပ်ရမှာကို ခန္ဓာကိုယ် ဝဲစွဲသလို ရွံမတတ်ကြောက်

နေတာလား"

"ဟုတ်တယ်"

"ဘာ!"

အရင်က သူ့ကုတင်ပေါ်လှဲခဲ့ဖူးလို့ လူကိုခွေးနွားမောင်းသလို ဖယ်ချကာ ထိုအချိန်က စိန့်မှာ သမီးလေးကို ကိုယ်ဝန်လွယ်ထားရပြီဖြစ်သည်။အော့ တည်းက ရင်ထဲသံမှိုရိုက်သလိုစွဲနေမိတာက

နောက် ဒီယောကျာ်းနဲ့ တစ်သက်လုံးအုံးစက်ရာမခွဲဘူးဆိုတာပါ။

မနေ့တစ်နေ့ကထိလည်း သူနှင့်ကိုယ် အတူမအိပ်ခဲ့တာမို့ ပြဿနာမရှိ လောက်ဘူးဟုသာ တွေးမိသည်။

"မင်း မင်းကွာ ငါလုပ်ရင် သေတော့မယ်"

"ကျွန်မနဲ့ အတူမအိပ်နိုင်ဘူးလို့ ပြောခဲ့တာရှင်....အဲဒါကြောင့်

ကျွန်မ ထွက်သွားပေးတာ ဘာတွေပေါက်ကွဲနေတာလဲ"

"မင်းနဲ့မအိပ်ဘူးလို့ပဲ ပြောတာ၊ မင်းကို ဒုက္ခမပေးဘူးလို့ ဘုရားမှာ သစ္စာဆိုမထားတာတော့ အမှန်ပဲ.....ငါ မင်းနဲ့ ဝေးနေတာကြာတော့ ငါ့ကို ကလန်ကဆန်လုပ်ချင်လာပြီပေ့ါ ဟုတ်လား "

"ဒါဆို ခုချိန်ထိ ရှင်ပေးခဲ့တာတွေက သုခတွေပေ့ါ"

"စိန်ခြယ်မှုန်း မင်း ပါးစပ်ကိုပိတ်ထားစမ်း"

"ရှင်ပဲ ပြောတတ်တာမဟုတ်ဘူး၊ ကျွန်မမှာလည်း ပါးစပ်ပါ တယ်....ဒါပေမဲ့ ကျွန်မ မြိုသိပ်ခဲ့တာက ရှင့်ကိုကြောက်လို့မဟုတ်ဘူးဆိုတာ မှတ်ထားလိုက်"

အခန်းက အသံလုံစနစ်ပါ၍ တော်သေးသည်။ထို့ကြောင့် သူလည်း အော်ချင်ရာအော်၊ကိုယ်လည်း ပြောချင်ရာပြောနှင့် ရှန်းရင်း

ဆန်ခတ်တွေ ဖြစ်လာသည်။

"မင်းက ဘုံလေးအမေဖြစ်နေလို့ ကံကောင်းသွားတယ် စိန်ခြယ်မှုန်း.....မင်း နောက်တခါ ငါ့ကိုပြန်ခံပြောဖို့ စိတ်မကူးနဲ့"

စိန် ဘာမှပြန်မပြောပဲ ပုခုံးထက်ဆွဲကျနေသော ဂါဝန်ကြိုးစကို

ပြန်တင်ကာ ဆံပင်ကိုလက်နှင့်သပ်ရင်း အခန်းထဲကထွက်ဖို့

ပြင်၏။

"ဒါက ဘယ်လဲ"

"ရှင်နဲ့ကျွန်မ နှစ်ယောက်ထဲက တစ်ယောက်တော့ ဒီအခန်းက

ထွက်သွားမှ ဖြစ်မှာ....ရှင် သွားမှာလား၊ ကျွန်မ သွားရမလား"

"ဒီလောက်ပြောနေတာတောင် မင်း!"

"အို ရှင် ဘာလုပ်တာလဲ"

စွေ့ခနဲ ဆွဲဖက်ကာ ရုတ်တရပ် အနမ်းကြမ်းတို့က စိန့်နှုတ်ခမ်း

ထက် ဒဏ်ခတ်လာ၏။နှုတ်ခမ်းတို့ကို အပေါ်အောက်တလှည့်စီနမ်းရှိုက်ရာမှ ခံတွင်းထဲသို့သူ့လျှာဖျားကပါ ဝင်ရောက်ကျီစယ် နေသည်မို့ ခန္ဓာကိုယ်က ကျောက်ရုပ်လိုတောင့်တင်းသွားရသည်။တစ်ခုခုကို ထိတ်လန့်သွားပြီဆိုလျှင် စိန်က အသံမထွက်တော့တာမို့ လည်ချောင်းမှာပဲ စကားတို့က

တင်းခံနေပြီး ရှိသမျှအားတွေနှင့် သူ့ကိုစုပုံရိုက်၏။

သူ သူမကို မနမ်းဖူးတာ မဟုတ်ပေမယ့် အထိအတွေ့တွေက စိမ်းသက်နေသည်။လည်တိုင်ကို သူ့နှုတ်ခမ်းတို့ရောက်လာတော့မှ ပါးစပ်ကအသံထွက်

သော်လည်း ဆောင်းရာသီလို ခိုက်ခိုက်တုန်နေပြန်၏။

နှုတ်ခမ်းတို့ကို မျှင်းမျှင်းချင်းစွဲနမ်းနေရာမှ သူ့လက်တို့က ဂါဝန်ကြိုးစကို ပုခုံးမှဖယ်၍ စိန့်ရင်သားပေါ်လက်ရောက်လာလျှင် မျက်လုံးများပြူးသွားကာ

"ရှင် ရှင် လွှတ်နော်....ရှင့်ကို မုန်းတယ်သိလား၊ လွှတ်"

သူ့ကျောကုန်းတွေကို ထုရိုက်၊ပုခုံးကို ပုတ်နေပေမယ့် အားတို့က

ကုန်ခမ်းနေတာမို့ ကုတင်ပေါ်ပွေ့ချီခေါ်ခံရပြီး ဂါဝန်စကလည်း

ကြမ်းပြင်ထက်မှ အပုံသားကျသွားကာ စိန့်ခန္ဓာကိုယ်မှာ မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်သွားရ၏။ရှက်လွန်း၍ စောင်ခြုံဖို့ဆွဲလိုက်

ပေမယ့် စောင်ကိုလည်း ကန်ထုတ်လိုက်ပြီး သူက စိန့်အပေါ်စီးက အုပ်မိုးထားသည်။

"အ!"

ဘယ်လိုမှရုန်းမရအောင် ခွထားလေတော့ စိန့်ခမျာ ကျားခံတွင်းဝရောက်နေသည့်ယုန်လေးသဖွယ်ဖြစ်နေကာ သူကအောင်နိုင်သူအပြုံးနှင့်ကြည့်၏။ ထို့နောက် သူ့အကြည့်တွေက ချယ်ရီသီးလေးဆီရောက်သွားကာ သူ့လက်ဖြင့်ဆုပ်ချေလျှင် စိန့်မှာ

ထိုနေရာက အငွေ့ပျံသွားချင်တော့သည်။

စိန့်ရင်ဘတ်က နူးညံ့လွယ်သောချယ်ရီသီးလေးကို လျှာနှင့်ဖွဖွလျက်ကာ အညှာလေးကိုလက်ညှိုးနဲ့လက်မသုံး၍ဖိချေ၏။သို့သော် စိတ်မထင်လျှင် ထိုချယ်ရီသီးလေးကို သူ့နှုတ်ခမ်းတို့နှင့်အားရပါးရစုပ်ပြီး ဖိကိုက်လျှင် ကျောနှင့်အိပ်ရာခင်းက ကွာသွား၏။

"ရှင် ရှင်လွှတ်ပါ....တောင်းပန်ပါတယ်....အ!"

သူကချယ်ရီသီးလေးကိုနမ်းနေရာမှ စိန့်ကိုအုပ်မိုးကာ နှုတ်ခမ်းတို့ကို သိမ်းပိုက်ပြန်သည်။နှုတ်ခမ်းသားတို့ဟာလည်း သူကြမ်းတမ်းလွန်း၍ ဖူးယောင်နေပြီလားမသိပါ။ဒီတစ်ခါတော့ လက်တို့က အောက်ဖက်ကို ဦးတည်လာသည်မို့ သူ့လက်ကိုဖယ်ပစ်ပေမယ့် အရာမထင်။

ပေါင်လုံးတွေကို ပွတ်သပ်နေတဲ့သူက ရန်သူကို စမ်းသပ်နေသလိုပင်။ ပေါင်တံသွယ်တို့အား ပွတ်သပ်ရင်း တခါတရံ ပိုင်နက်လေးကို လာထိလျက်။

ဤသို့နဲ့ သူ့လက်ချောင်းတွေက ပိုင်နက်ထဲကျူးကျော်လာရင်း

လက်တစ်ချောင်းထိုးထည့်၏။စိန့်နှုတ်ခမ်းအောက်သားကိုလည်း သွားနှင့်ဖိကိုက်လာတာမို့ နာကျင်မှုနှစ်ဆတိုးသွားကာ

မျက်ရည်လေးတွေ စို့တက်လာပြီး မျက်နှာလွှဲထားမိသည်။

"ဒီဘက်လှည့်"

".......''

"ဒီဘက်လှည့်လို့ ပြောနေတယ်လေ!"

စိန့်မေးစေ့ကို သူ့လက်နှင့်အတင်းဆွဲလှည့်ကာ မျက်နှာချင်း

ဆိုင်ခိုင်းပေမယ့် မျက်လုံးများမှိတ်ထားကာ နှုတ်ခမ်းတို့အား

ကိုက်ထားမိသည်။

တဖြည်းဖြည်း အဝင်အထွက်ကရှောရှူလာကာ တစ်ချောင်းကနေ နှစ်ချောင်းဖြစ်လာ၏။လက်တို့က တဖြည်းဖြည်းကြမ်းလာတော့ အသံလေးထွက်မိကာ အိပ်ရာခင်းတို့ကို ဆုပ်ကိုင်ထားမိသည်။အသံတွေကလည်း ဆက်တိုက်ထွက်ကာ လှုပ်ရှားမှုက

မြန်လာရင်း

"အင့်!"

စိန့်ပိုင်နက်က သူ့လက်ကိုထုတ်လိုက်လျှင် ရပ်သွားပြီလားလို့

မျက်လုံးများဖွင့်လိုက်ပေမယ့် ညဝတ်အကျႌချွတ်နေသည်မို့

မျက်လုံးများပြူးသွားကာ

"ရှင် ဒါ....ဒါ ဘာလုပ်တာလဲ"

"လင်မယားတမ်း ကစားမလို့ ....မင်းက

ဒါစည်းထား..."

သူ့မျက်နှာက ကြောက်စရာကောင်းသော သားရဲတစ်ကောင်လို

ဖြစ်ကာ တင်းမာနေ၏။ထို့နောက် ကုတင်အောက်မှာကျနေသောဂါဝန် ဖဲကြိုးစကိုကောက်ကာ စိန်မျက်လုံးတို့အားစည်းပေးထားသည်။

သုံးချောင်း။ပိုင်နက်လေးက ကျဉ်းကျပ်သွားကာ ခြေဖျားလေးတွေကော့ တက်သွားသည်။မြင်ကွင်းအားလုံး ဗလာနတ္ထိဖြစ်သွားပေမယ့် ထိတွေ့မှုကို တော့ ခံစားလို့ရနေသည်မို့ နှုတ်ခမ်းသားတို့အားဖိကိုက်ကာ လက်သီးဆုပ် ထားမိ၏။

"ဘယ်လိုလဲ ထည့်လိုက်ရတော့မလား"

"......."

"မင်း တော်တော်စိုနေပြီ"

စိန့်နားဖျားအား လျှာနှင့်လျက်၍ ဖွဖွလေးကိုက်ခဲထားတာမို့

ယားကျိကျိဖြစ်သွားသည်။ အဝတ်မပါသောရင်ဘတ်နှစ်ခုက

မိတ်ဆတ်နေသည်မို့ မျက်နှာနီရဲပြီး ခန္ဓာကိုယ်တစ်ခုလုံး ပူရှိန်းရှိန်း ဖြစ် သွားလျက်။စိန့်မှာ မျက်လုံးစည်းထားသောကြောင့် ထိုအရာတို့ကို မြင်နိုင်

စွမ်းမရှိ၍တော်သေးသည်။

သူ့အရာက ပိုင်နက်နားရောက်လာလျှင် ရင်ဘတ်ထဲမှာ ကျဉ်ခနဲမြည်နေကာ တစ်ကိုယ်လုံးအေးစက်စက်ဖြစ်လာပြီး ခြေဖျားလက်ဖျားတွေ တုန်ယင်လာတော့

"ကျွန်....ကျွန်မ စောင်ခြုံချင်တယ်"

"ချမ်းလို့လား....ခဏနေ ထည့်လိုက်ရင် နွေးသွားမှာ"

"စောင်ခြုံချင်တယ်လို့ ပြောနေတယ်လေ"

မျက်လုံးများစည်းထားသော သူမမျက်နှာက ယခင်ကလိုပဲ

ရင်ခုန်သံအသစ်တွေပေးနေပြန်သည်။အဝတ်မပါသော ကိုယ်လုံးကလည်း ညို့ချက်ပြင်းအောင်ဆွဲဆောင်နေသည်မို့

တံတွေးတစ်ချက်မြိုချလိုက်ရင်း ပါးလေးကိုဖိကပ်နမ်းလိုက်သည်။ပါးရောပိုးဖဲစရောစိုရွှဲနေသည်မို့ ငိုပွဲနွှဲထားမှန်း မပြောလည်း သိနေ၍

"ထည့်ပြီနော်"

အထိအတွေ့တို့က စိမ်းသက်နေကာ လူကစကြာဝဠာထဲရောက်

သွားသလို ဟာလာဟင်းလင်းဖြစ်နေသည်။စိန့်ကိုယ်ထဲ သွေးတွေပွက်ဆူသွားရင်း ပြည့်ကျပ်နေသောအရာအား မရုန်းနိုင်ဖြစ်နေရသည်။

သူ ဆောင့်ချလိုက်တိုင်း စိန့်မှာအသက်မျှင်းမျှင်းပဲ ကျန်တော့တာမို့ သူ့လက်မောင်းတို့ကို ဆုပ်ကိုင်ထားရင်း

"ဖြေးဖြေး....ဖြေးဖြေးလုပ်ပါ"

"နှေးနှေးပဲ သွားရမှာလား"

သူက ခဏရပ်တန့်လိုက်ကာ မေးစေ့လေးကိုနမ်းရင်း ဆံပင်တွေကို ဖွ

ပစ်၏။စိန့်မှာတော့ အသက်ဝဝရှူကာ စကားတွေက အဆီအငေါ်မတည့်ပဲ ထွက်လာသည်။

"အင်း"

"အရင်ကလို ညည်းပေးရင် ဖြေးဖြေးချင်းသွားမယ်...ok?"

"......"

သူက ထိုသို့သောလူစားမျိုးဖြစ်သည်။စိန်က သူ့အတွက်တော့ အသုံးချခံမိန်းမတစ်ယောက်၊ သူ့လိုအင်ဆန္ဒကိုဖြည့်စည်းပေးရမည့်မိန်းမတစ်ယောက်ထက် မပိုခဲ့။

နှုတ်ခမ်းတို့အား ဖွဖွနမ်းကာ သူကတော့အားကုန်သုံး၍လှော်ခတ်လေသည်။စိန့်မှာတော့ ဘယ်နှခါပြီးမှန်းတောင်မသိပဲ မျက်လုံးများမှေးစင်းသွားရတော့၏။

***

မနက်အစောကြီးထပြီး ဆေးဆိုင်သွားကာ ဆေးအကဒ်လိုက်ဝယ်လာပြီး တုန်ယင်ယင်နှင့်မြို့ချမိတာ လည်ချောင်းထဲမှာ နင်နေသည်။ဘယ်လောက်ကြောက်လဲဆို ရေမပါပဲ သောက်မိတာကိုလည်း သတိတောင်မရ။

နာရီကို တွက်ချက်ကြည့်ပြီး အကယ်၍ ကိုယ်ဝန်ရလာလျှင် ဘယ်လိုလုပ်ရမလဲ တွေးပူနေရ၏။သမီးလေးကြောင့်ပဲ သူနှင့် စိန် လက်ထက်ဖို့ ဖြစ်လာရတာမို့ ဒုတိယမြောက်နီးစပ်မှု ထပ်ဖြစ်မလာချင်တော့ပါ။

"စိန် နင် အလုပ်မသွားဘူးလား"

"......."

"စိန်"

ညြည့်ခန်းမှာ ငူငူကြီးထိုင်နေသော စိန့်လက်မောင်းကိုလှုပ်တော့မှ

အသိစိတ်ဝင်လာကာ

"ဟင် ဘာပြောလိုက်တာလဲ"

"အလုပ်မသွားဘူးလားလို့ မေးနေတာ"

"ဟင့်အင်း၊ ညနေ ပွဲတစ်ပွဲတက်စရာရှိလို့ နားထားတာ"

"နင့်ကြည့်ရတာ စိတ်ညစ်နေတဲ့ပုံပဲ...ဘုန်းက စိတ်ဆင်းရဲအောင် လုပ်ပြန်ပြီလားဟင်"

စိန် ခေါင်းခါပြရင်း နှုတ်ဆိတ်နေမိသည်။သူက ဘယ်တုန်းက

စိတ်ချမ်းသာမှုပေးလို့လဲ။သူ့အကြောင်းတွေးကြည့်လိုက်တာနှင့်

ရင်ဘတ်ထဲက အလိုလိုအောင့်လာတာမို့ အမြဲခေါင်းထဲကထုတ်ထားသည်မှာလည်း နှစ်ချီနေပါပြီ။

"ဒါဆိုလည်း နည်းနည်းပါးပါး ပြုံးပါဦး၊ နင် မနက်တည်းက

မှိုင်နေတာ....ကြည့်ရတဲ့လူက စိတ်မချမ်းသာဘူး"

"ငါ အရင်တည်းက ဒီလိုပဲနေတတ်တာပါဟယ်"

"ဘုန်းလကျာ်နဲ့မတွေ့ခင်ထိ နင်က ပျော်ရွှင်တတ်တဲ့ကောင်မလေးပါ စိန်ရာ.....ခုနောက်ပိုင်းမှ နင် တုံဏှိဘာဝေဖြစ်သွားတာ"

"ဟုတ်လား"

"ငါ ဘုန်းကိုရှေ့နေလိုက်ပေးတာတော့ မဟုတ်ပါဘူး....သူ

မိန်းကလေးတွေ ထည်လဲတွဲနေပေမယ့် ဘယ်သူ့ကို အတည်တကျ မှတ်ခဲ့

ဖူးလို့လဲ၊ ရည်းစားဘဝတည်းက သူ့ဘာသာ အပြင်မှာ ဘယ်လောက်ရှုပ်ရှုပ် အချိန်တန် နင့်ကိုပဲလက်ထက်ပါ့မယ်လို့

ကတိပေးခဲ့တာလေ...."

"အဲဒါကလည်း သူမှားခဲ့တဲ့ အမှားအယွင်းအတွက် ပြန်ပေးဆပ်

ချင်ရုံသက်သက်ပဲ သရဖီ၊ ငါ့နေရာမှာ တခြားမိန်းမတစ်ယောက်

ဖြစ်နေရင်လည်း သူ အဲဒီ့စကားပြောမှာပါ"

"ဒါပေမဲ့ သူက နင့်ကိုတန်ဖိုးထားရှာပါတယ်၊ နင် တစ်ခုခုဖြစ်

တာနဲ့ သူ ရောက်တဲ့အရပ်က ချက်ချင်းပြန်လာတာပဲမလား"

မနှစ်က စိန် တုပ်ကွေးဖြစ်တာ တော်တော်ဆိုးခဲ့သည်။သာမာန်

နှာစေးချောင်းဆိုးလောက်ဟု ထင်ခဲ့မိပေမယ့် တစ်ပတ်ကျော်

လောက် အိပ်ရာထဲလဲပြီး မစားနိုင်မသောက်နိုင် ဖြစ်ခဲ့၏။

သူ့ကို အရမ်းလိုအပ်နေပေမယ့် သူက စာချုပ်တစ်ခုချုပ်ဖို့ ဟောင်ကောင် ရောက်နေတာမို့ လှမ်းလည်းမဆက်သွယ်ခဲ့။မနေနိုင် မထိုင်နိုင်သော မေမေ က အကြောင်းကြားတော့ ချက်ချင်းပြန်ရောက်လာပြီး ပြုစုပေးရှာပါသည်။

ဒါပေမဲ့လည်း 'မင်းက သမီးအမေဖြစ်နေလို့' ဆိုသော စကားကို

ပြောဖြစ်အောင် ပြောသေးသည်။

"ငါတို့ကို ရင်ကြားစေ့ပေးဖို့လုပ်ရင် နင်ပဲမောသွားလိမ့်မယ် သရဖီ.....ငါ တို့ကြားမှာ ဘုံလေးအဖေနဲ့ဘုံလေးအမေ ဆိုတဲ့

ပတ်သက်ဆက်နွယ်မှုက လွဲပြီး ကျန်တာတွေ ပျောက်ဆုံးသွားပြီ"

သူ့ချစ်ခြင်းမေတ္တာကို မျှော်လင့်ခဲ့ဖူးပါသည်။သူ စိန့်ကို ချစ်နေသည်ဟု လည်း ယုံကြည်ခဲ့ဖူး၏။သို့သော် နေ့တိုင်း ထိုမျှော်လင့်ချက်အိပ်မက်တွေကို

ရိုက်ချိုးပစ်သူက ဘုန်းလကျော်ပဲဖြစ်နေကာ စိန်နှင့်သမီးလေးကို မထားခဲ့တာကိုပဲ ကျေးဇူးတင်နေရသည်။

သူတို့နှစ်ယောက်ကြား နီးစပ်ဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှမဖြစ်နိုင်တော့......။

***

အခန်း(4)

"ကျစ်"

ဒီနေ့မှ စိတ်သွားတိုင်း ကိုယ်မပါသလိုဖြစ်နေကာ ဘေးက အရက်ငှဲ့ပေး၊ အမြည်းခွံ့ကျွေးနေသော ချာတိတ်မတွေကိုလည်း

မကြည်။

ဘယ်သူနှင့်မှလည်း စကားမပြောချင်တာမို့ ဘီယာချည်းဖိသောက်နေပေမယ့် စီးပွားရေးအကြောင်းဆွေးနွေးဖို့ အခန်းထဲကို

ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသူများလည်း ရှိ၏။

အရိပ်အကဲသုံးပါး နားမလည်တာလား၊အကဲမခတ်တတ်တာလား မသိပေမယ့် ပါတနာတွေမို့ ဖိပြောလို့ကမကောင်း။

"မင်းတို့ သွားတော့"

ကောင်မလေးတွေကို မေးဆတ်ပြကာ ကိုဝေယံတို့ကို ထိုင်ခိုင်း

လိုက်ရသည်။

"ကိုဘုန်း ဒီနေ့ condition မကောင်းဘူးထင်တယ်....ကောင်မလေးတွေ အထိမခံပုံပေါက်ရင်"

"ဘာကိစ္စရှိလို့လဲ ကိုဝေယံ"

"ကျွန်တော် ကိုဘုန်းကိုအကူအညီတောင်းချင်လို့ဗျ....ကိုဘုန်း

ဇနီးက ဒီဇိုင်နာဆိုတော့ ကျွန်တော်တို့မင်္ဂလာပွဲအတွက် ဝတ်စုံ

ချုပ်ခိုင်းချင်လို့ပါ၊ ဒီလိုအကူအညီတောင်းရတာ အားနာပေမယ့် ကျွန်တော့်အမျိုးသမီးက မစိန်ခြယ်မှုန်းချုပ်တာပဲ ဝတ်ချင်တယ်တဲ့လေ...."

"အဲဒါ သူ့ကိုပြောမှရမှာ.....ကျွန်တော်တို့လင်မယားက အလုပ်ကိစ္စတွေ မပြောဖြစ်ကြဘူး"

အမှန်တကယ်လည်း သူတို့နှစ်ယောက်က တစ်ယောက်အလုပ်မှာ တစ်ယောက်ဝင်ရောက်စွက်ဖက်ခြင်း မရှိကြ။အရင်ကတော့ သူ့အကူအညီလိုတဲ့လူတွေက သူမကိုသွားပြောကြပေမယ့် သူမက ခါးခါးသီးသီးငြင်းခဲ့ဖူးလေသည်။ဒါကြောင့် နောက်ပိုင်း မိတ်ပျက်သွားတဲ့လူတွေတောင် ရှိ၏။

"မစိန်ခြယ်မှုန်းက ရင်းနှီးတဲ့လူတွေကိုပဲ လက်ခံတော့ ကျွန်တော်တို့ဘယ်လောက်ပြောပြော မရလို့ပါ....ကိုဘုန်းပဲ ကူညီပေးပါဗျာ၊ please"

"အားနာပါတယ် ကိုဝေယံ....ကျွန်တော့်ဇနီးကလည်း သူ မလုပ်ချင်ရင် သိကြားမင်းဆင်းပြောတာတောင် မရတဲ့လူမို့ ကျွန်တော်လည်း မကူညီနိုင်ဘူးဗျာ....စိတ်မရှိပါနဲ့"

အရက်သောက်ချင်စိတ်လည်း မရှိတော့ပဲ ကောင်တာမှာငွေရှင်းကာ အိမ်သို့ကားပြန်မောင်းလာ၏။

လင်မယားက တစ်ကဏ္ဍစီးပွားရေးက တစ်ကန့်စီခွဲထားတာမို့ ဒီလင်မယား ထူးဆန်းပါကောဟုတွေးတဲ့လူတွေလည်း အများကြီးပါ။သူတို့အိမ်ထောင်ရေးကိုက နိုင်ငံခြားဆန်နေပေမယ့် တစ်ယောက်နှင့်တစ်ယောက် တစ်နေ့ကြာလို့ တစ်ခါမျက်နှာချင်းဆိုင်

စကားမပြောဖူး။

ခုနောက်ပိုင်း သူလည်းအိမ်ပြန်ကပ်နေတော့ သမီးလေးမျက်နှာ ရွှင်လန်းလာ၍ တော်သေး၏။မျက်နှာသစ်လည်း တူတူ၊ထမင်း စားလည်း တူတူ ဘုံလေးက ဘေးမှာပီကေလိုကပ်နေတတ်သည်။

ဒါကြောင့် ဘယ်လောက်ပဲ ထိုမိန်းမကို စိတ်ပျက်ပျက် ကိုယ်တိုင် တည်ထောင်ခဲ့သော အိမ်ထောင်ရေးမို့ မယိုင်လဲအောင်ထိန်းသိမ်းနေရုံ မှတစ်ပါး......။

***

တစ်ယောက်တည်း ကုတင်အကျယ်ကြီးမှာအိပ်နေကျဆိုတော့ တစ်ဖက်လှည့်ကာ လက်ဖြန့်လိုက်လျှင် တစ်ပါးသောသူရဲ့ရင်ဘတ်ကို ရိုက်မိ၍ လက်ပြန်ရုပ်လိုက်ရသည်။

စိန် ငေါက်ခနဲထထိုင်လိုက်ကာ နာရီကိုကြည့်လိုက်တော့ မနက်တစ်နာရီ ခွဲ။

ဘေးကလူကတော့ အိပ်နေတာလား၊မှိန်းနေတာလား မသိပေမယ့် နဖူး ပေါ်လက်တင်၍ မျက်စိမှိတ်ထားလေသည်။

အသံတစ်သံကြားလိုက်တာနှင့် သူကချက်ချင်းနိုးတတ်တာမို့ စိန် သူ့ရင်ဘတ်ကိုထိလိုက်တော့ နိုးမည်ထင်ထားတာပါ။ကိုယ်တိုင် ကတော့ ပြန်အိပ်မပျော်ပဲ ဟိုဘက်လှည့်၊ဒီဘက်လှည့်နှင့် နှစ်နာရီ ကျော်သွား၏။

"မင်း မအိပ်ဘူးလား"

သူ့အသံကိုကြားတော့ စိန် လန့်သွား၏။ထိုကိစ္စဖြစ်ပြီးနောက်ပိုင်း သူ

ကတော့ ထုံးစံအတိုင်း အေးတိအေးစက်ရယ်ပါ။မေးထူး

ခေါ်ပြောကလွဲပြီး စကားမပြောကြတော့ ရန်ဖြစ်စရာလည်း

မရှိ။ခုတလော အိမ်ကပ်နေသေးတာတော့ တော်ပါသေးသည်။

ဒါပေမဲ့လည်း ညဘက်ရောက်တိုင်း သူနှင့်တစ်ကုတင်တည်း

အိပ်ရတာမို့ ညဘက်မရောက်ချင်တာတော့အမှန်။

"မင်းကို မေးနေတယ်လေ"

"အိပ်မပျော်လို့"

"အိပ်မပျော်လည်း အပြင်ထွက်နေ....မင်းကြောင့် ငါမေးနေတာ

ဘယ်လိုမှ အိပ်မရတော့ဘူး"

သူကလည်း ထထိုင်ကာ ဘေးကစားပွဲမှာရှိသည့် စီးကရက်ဘူး

မှဆေးလိပ်ထုတ်ကာ ထဖွာသည်။အခန်းထဲမှာ ပြတင်းပေါက်တွေပိတ်ထားတာမို့ စီးကရက်နံ့ကဒုက္ခပေးတော့မည်ကိုသိ၍

စိန် နှာခေါင်းရှုံ့မိကာ

"အဲဒါကြောင့် ကျွန်မ ဘုံလေးအခန်းမှာသွားအိပ်မယ်လို့ ပြော

ပြီးသားလေ....ရှင်မှ လက်သင့်မခံတာ"

"မင်းပြောတဲ့စကားတိုင်းမှာ သမီးမပါရင် မပြီးသလိုပဲ၊ သမီးကို

မင်းတကယ်ချစ်တာရော ဟုတ်ရဲ့လား"

"ဘာ!"

သူမ ကိုယ့်ကိုစိုက်ကြည့်နေတာသိပေမယ့် သူကတော့ မျက်နှာချင်းမဆိုင်ပဲ ကုတင်စပ်မှာထိုင်၍ စီးကရက်ကိုပါးစပ်နှင့်

ဖွာနေလိုက်သည်။

"မင်း ငါ့အနိုင်ကျင့်သမျှကိုသည်းခံပြီး ပြန်မခုခံတာ သမီးလေးကြောင့်ပဲလေ....မင်း သမီးကိုတော်တော်ချစ်တဲ့ပုံပဲလို့...အဟွန်း"

"လူမှမဟုတ်ဘူး၊ တိရစ္ဆာန်တောင် ကိုယ့်သားသမီးကိုထိရင် နာတတ်ကြသေးတာပဲ....မိခင်က ကိုယ့်ရင်သွေးကို ချစ်တာ ထူးဆန်းလို့လား"

"ထူးဆန်းတာက မင်းပါ....သမီးကို သည်းသည်းလှုပ်ချစ်ပြတတ်တာလည်း မင်းပဲ၊ စွန့်ပစ်ဖို့ထိစိတ်ကူးခဲ့တာလည်းမင်းပဲလေ"

"ဘုန်းလကျော်!"

စိန် တစ်ကိုယ်လုံး ဒေါသကြောင့်တုန်ယင်နေကာ သူ့ကိုကုပ်ဖဲ့ပစ်ချင်စိတ်တွေပေါက်နေပေမယ့် စိတ်ကိုချိုးနှိမ်ပြီး သူ့ရှေ့သို့ အရောက်သွား၍။မီးရောင်မှိန်မှိန်အောက်မှာ သူက မထိမဲ့မြင်ပြုံးကာ စီးကရက်ကို ကုတင်တိုင်အောက်မှာ ဖိချပစ်ခြင်းဖြင့် အကင်းသေသွားသည်။

"ရှင် ကျွန်မကို ဒီကိစ္စနဲ့ တစ်သက်လုံးချုပ်ကိုင်ထားမှာလား.... ခုချိန်ထိ ရှင် ကျွန်မကိုပေးခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေက ဒါကြောင့်ပေါ့လေ"

"ချုပ်ကိုင်ထားရအောင် ငါ မင်းကိုခြိမ်းခြောက်နေတာမှမဟုတ်ပဲ....ဒါ အမှန်တရား၊ မာမီ မာမီဖြစ်နေတဲ့ သမီးလေးက မင်း သူ့ကိုစွန့်ပစ်ဖို့လုပ်ခဲ့တာသိရင် ဘယ်လိုဆက်ဖြစ်မယ်ထင်လဲ"

"ဘယ်လိုဆက်ဖြစ်မယ်ထင်လဲလို့ ခန့်မှန်းသုံးသပ်ရအောင် ဒါ ရုပ်ရှင်ရိုက်နေတာမှ မဟုတ်ဘူး.....အဖေက မိန်းမတကာနဲ့ပွေရှုပ်

နေတယ်၊ အမေကတော့ တစ်ချိန်က သူ့ကိုစွန့်ပစ်ဖို့လုပ်ခဲ့တယ်ဆိုတာ သုခဘုံ သိသွားတဲ့နေ့ ရှင်နဲ့ကျွန်မ နှစ်လောင်းပြိုင်

ပဲ...."

စိန့်မျက်နှာက ဒေါသကြောင့်နီရဲနေကာ မျက်ရည်ဝဲနေပေမယ့်

နာကျည်းခံပြင်းလွန်းလို့လားမသိ မျက်ရည်ကမကျ။

ဒီလူ့ကြောင့်ပဲ သူမဘဝပျက်ခဲ့ရသည်။ဒီလူ့ကြောင့်ပဲ သူမ

ခြေသုတ်ဝတ်လို ကျိုးနွံနေရကာ သမီးလေးစိတ်ဒဏ်ရာရမယ့်

ထိပါ သင်းက ရှာဖွေကြံဆနေသေးသည်။

အတွင်းနှုတ်ခမ်းသားတို့ကို ပြတ်လုနီးပါးကိုက်ထားတော့ သွေး

ထွက်ကုန်ပြီထင်၏။သင်းကတော့ ဘာကိုမှခေါင်းထဲထည့်မည့်ပုံ

မပေါ်ပဲ

"မင်းက လူသတ်ရဲတယ်ပေါ့လေ....ငါ့ကို ပြန်ခြိမ်းခြောက်နေတာလား"

"ဖိရင်ကြွတယ်ဆိုတာ ရှင်မသိသေးတဲ့ပုံပဲ....ကိုယ့်ရင်သွေးကို

တောင် သတ်ပစ်ဖို့ထိလုပ်ခဲ့တဲ့မိန်းမက ရှင့်လိုလူကိုမသတ်ရဲ

စရာအကြောင်းရှိမလား၊ ရှင်က အဲဒီ့လိုမိန်းမနဲ့ သေတပန်

သက်တစ်ဆုံး နေသွားရမှာ.....ကျွန်မက စိန်ခြယ်မှုန်းပဲ"

စိန်ခြယ်မှုန်းဆိုသော အပြစ်ကင်းစင်သည့်မိန်းကလေးကို နှစ်နှစ်ကာကာ ချစ်ခဲ့ဖူးပါသည်။စွဲလည်းစွဲလမ်းဖူး၏။သူဘယ်လောက်ပဲ ရည်းစားရှုပ်ရှုပ်၊ မိန်းကလေးတွေနှင့် ပွေပွေ ဘာမှမပြောပဲ

ခွင့်လွှတ်သည်းခံတတ်သည်မို့ သူမကိုပဲ လက်ထက်မည်ဟု

သန္နိဋ္ဌာန်ချထားခဲ့သည်။

သို့သော် သူ့ရဲ့အကျင့်ဆိုးက သူမရင်ထဲမှာအစိုင်အခဲထုကြီး
က အငြိုးမြစ်တွယ်နေတာကိုတော့ သူမသိခဲ့ပဲ.....

***

လည်ကပ်ဆွယ်တာအဖြူကို အပေါ်ကနက်ပြာစင်းကုတ်အကျႌ
နှင့်တွဲဝတ်ကာ အောက်ကဘောင်းဘီကလည်းနက်ပြာရောင်ပဲ
ဖြစ်သည်။ထိုအမျိုးသားကို ဘယ်အချိန်ကြည့်ကြည့် suitတွေ
နှင့်ချည်းဖြစ်ကာ မြင်သူတကာလည်ပြန်ငေးရသော စွမ်းအင်
ရုပကာမျိုးကလည်း သူ့ထံမှာပဲရှိနေ၏။
ယောကျာ်းတန်မဲ့ ဖြူစွတ်နေသောအသားအရည်၊မျက်ခုံးထင်းထင်း နှာတံ
စင်းစင်း၊မေးရိုးတွေကလည်း မျက်နှာကိုပေါ်လွင်
အောင်ထောက်ပံ့ပေးသည်။
ထိုယောကျာ်းကိုကြည့်ပြီး ပိုင်ဆိုင်ချင်စိတ်တွေတဖွားဖွား
ပေါ်လာကာ သူ့ဇနီးကိုလည်းမနာလိုဝန်တိုမိ၏။ကိုယ်သာဆို
သူ့လိုလူကိုခင်ပွန်းတော်ထားလျှင် စိတ်မချလွန်းလို့ ဘယ်သွားသွားတ
ကောက်ကောက်လိုက်မိမှာ။သူ့ဇနီးကတော့ အိမ်ထဲကအိမ်ပြင်တောင်
ထွက်လာပုံမပေါ်။
"ဟိတ်.... မျက်လုံးတွေလည်း ကျွတ်ကုန်တော့မယ်"
မရူပါက နောက်လိုက်တော့ ဝိုင် ရှက်သွားကာ အကြည့်တို့ကို
ပြန်ရုတ်လိုက်ရ၏။နိုင်ငံခြားမှာ ပြိုင်ပွဲပြီးပြီးချင်း အားချင်း
ပြန်လာကာ မနားသေးပဲ Paradise Airwayနှင့် စာချုပ်ကို
မရရအောင် ချုပ်သည်။

မြန်မာနိုင်ငံမှာ သူပိုင်သော Paradise Co.Ltd များရှိကာ Airline

ကလည်း တစ်ခုအပါအဝင်ဖြစ်၏။သူ့အကြောင်းကို ဂဃဏနသိအောင် စုံစမ်းထားသော ဝိုင့်မှာ Airlineက မော်ဒယ်အသစ်လိုချင်သည်ဟု ကြော်ငြာတော့ မန်နေဂျာအစ်မကို ချက်ချင်းသွားလျှောက်ခိုင်းကာ ကံကောင်းထောက်မစွာနှင့် ဒီနေ့ပဲစာချုပ်ချုပ်ဖြစ်တာပင်။

"မင်္ဂလာပါဗျာ....နောက်ကျသွားတဲ့အတွက် တောင်းပန်ပါတယ်၊ကျွန်တော်က ဘုန်းလကျော်ပါ"

"မင်္ဂလာပါ....ကျွန်မက ဝိုင်ပါ"

သူကမ်းပေးသည့်လက်ကို ဆွဲရင်း အသံနေအသံထား

မှန်မှန်နှင့် နှုတ်ဆက်စကားဆိုရသည်။

"ကျွန်တော်တို့ဘက်က ပြင်ဆင်လာတဲ့စာချုပ်ကို အရင်ဖတ်

ကြည့်ပါ....လိုတာရှိရင် ဖြည့်စွက်ခိုင်းလို့ရပါတယ်"

သြရှရှအသံ၊တစ်ဖက်သားခေါင်းညိတ်နိုင်လောက်အောင်

အမိန့်ပေးနိုင်သော စကားတို့ကြောင့် ဝိုင်ပြုံးမိပြန်သည်။နာမည်

အတိုင်း တကယ်ကို ဘုန်းတန်ခိုးကြီးတာပါပဲလား။

"အဆင်ပြေပါတယ်....ဖြည့်စွက်စရာရယ်လို့တော့ မရှိပါဘူး...

ဒါနဲ့ uniformက ဘာရောင်ဝတ်ရမှာလဲ"

"အဖြူနဲ့အနီပါ....Paradise Airwayရဲ့ uniformအရောင်ပေါ့"

"ပန်းရောင်ဝတ်လို့မရဘူးလားဟင်....ဝိုင်ရဲ့ favourite colour က Pinkလေ"

"မရဘူး....Paradise အကြိုက်ဆုံးအရောင်က အနီရောင်မို့

အဲဒီ့အရောင်ပဲ ဝတ်မှရမှာ"

Paradiseဆိုတာ သူ့သမီးသုခဘုံကို ပြောတာမို့ ဝိုင်မျက်နှာရှုံ့မဲ့

မိပေမယ့် သူ့ကြောင့်ခဏပဲ ဖြစ်သွားကာ

"ဟုတ်ကဲ့....ဒါဆိုစာချုပ် ချုပ်ကြတာပေါ့"

သူ့ရှေ့က ဝိုင်ဆိုသော မော်ဒယ်မလေးကို မျက်မှန်းတန်းမိနေတာတော့ ကြာပါပြီ။သူ sponsorပေးခဲ့တဲ့ Missပြိုင်ပွဲက ချာတိတ်မလေးတစ်ယောက် ဖြစ်ပြီး မျက်လုံးချင်းဆုံမိကြတာတွေလည်းခဏခဏ။

Airlineအတွက် မော်ဒယ်အစ်လို၍ ကြော်ငြာတော့လည်း သူလေးပဲ ရောက်လာကာ တိုက်ဆိုင်တာလား၊ဘာလားတော့ မသိပေမယ့် ဇာတ်လမ်း ကဆက်ရန်ရှိသေးသည်ဆိုတာကတော့။

***

"စိန် ငါ Sunlightမှာကွဲပြဲနေပြီ....လာခေါ်ဦး"

ဟု သူငယ်ချင်းမလေးက သတိတရဖုန်းဆက်၍ သမီးကိုသိပ်ခဲ့

ပြီး ညကြီးအချိန်မတော်ကားမောင်းထွက်ခဲ့ရပြန်သည်။ကိုယ့်မှာ

ကလပ်ကို တစ်ခါမှမသွားဖူး၍ ရောက်လာတော့လည်း အို့တို့

အမ်းတမ်းဖြစ်ကာ လူတွေအများကြီးထဲ သရဖီ့ကို ဘယ်လိုရှာရ

မလဲမသိပါ။

မြန်မာနိုင်ငံပြန်ရောက်တာ တစ်လမပြည့်သေးသော သရဖီက

အိမ်မှာအေးဆေးမနားပဲ ရန်ကုန်မှာဖွင့်သည့်ဆိုင်အသစ်

တွေကို နေ့တိုင်းသွားတတ်သည်။တစ်ခါတစ်လေ သမီးနှင့်တူဝရီးနှစ် ယောက် သွားကြတာမျိုးလည်းရှိ၏။သို့သော် လူမှန်းသူမှန်းမသိအောင်

သောက်စားမူးရူးတာမျိုးတော့ မဖြစ်ဖူးပါ။

"သရဖီရယ်.....ဖုန်းကိုင်စမ်းပါ"

ဆူညံနေသည့်တီးလုံးတွေ၊မှိတ်တုတ်မှိတ်တုတ်လင်းနေသည့် ဆလိုက်မီးတွေနှင့် အငြိမ်မနေသည့်လူကြားထဲ စိန်ဘယ်လိုမှ လိုက်လျောညီထွေ မနေနိုင်ပဲ သရဖီ့ကိုသာဖုန်းခေါ်နေပေမယ့် သူကလည်း မကိုင်။

တစ်နေရာရာမှာများ မေ့လဲနေမလားဟု စိုးရိမ်ပြီး သန့်စင်ခန်း တွေဘက်ရှာကြည့်တော့လည်း မတွေ့။နာရီကြည့်တော့လည်း ဆယ့်နှစ်နာရီကျော်နေပြီမို့ စိတ်ပူလာရသည်။

"ဟင်"

လူကြားထဲ ပြန်ရှာတော့ တွေ့ချင်သည့်လူကိုမတွေ့ပဲ မတွေ့ချင်သည့်လူနှင့်မှ မျက်လုံးချင်းသွားဆုံ၏။သူက ကြိုးတစ်လုံးစွတ်ကျယ်၊ဂျင်းဘောင်းဘီတိုနှင့် ကောင်မလေးခါးကိုတစ်ဖက်က ဖက်ထားပြီး ကျန်တစ်ဖက်ကတော့ ဘီယာခွက်

ကိုင်ထား၏။

မနက်ကဝတ်ထားသည့် လည်ကပ်ဆွယ်တာကို ဘယ်မှာလဲခဲ့ လဲတော့ မသိပါ။ရှပ်အကျႌလက်ရှည်အနက်ကို တံတောင်ဆစ် ထိ ခေါက်တင်ရင်း မျက်လုံးတွေကရီဝေဝေနှင့်။

"တောက်!"

"ကိုကို ဘာဖြစ်လို့လဲ"

သူရောကိုယ်ရော မျက်လုံးချင်းဆုံမိကြပေမယ့် သူမကချက်ချင်း

တစ်ဖက်လှည့်သွားသည်။ဒီအချိန်ကြီး ကလပ်ကိုဘာ

လာလုပ်တာပါလိမ့်။သူ့ကို လာရှာတာမဟုတ်မှန်းတော့ သူသိသည်။ဘာကြောင့်လဲဆိုတော့ ထိုမိန်းမက သူရှိရာအရပ်ကို ဘယ်တော့မှခြေဦးလှည့်ခဲ့တာမဟုတ်။

"ဟိတ် ဘယ်သူ့ကိုရှာနေတာလဲ"

"တို့နဲ့ တွဲကမယ်လေ....လာပါ"

"ဟင့်အင်း"

"မရှက်ပါနဲ့ကွာ၊ ဒီထိတောင် လာခဲ့ပြီးပြီပဲ....မကတတ်ရင် သင်ပေးမယ်"

လူငယ်နှစ်ယောက်က စိန်ရှေ့ဆက်မသွားရအောင် ပိတ်ရပ်ကာ ရိသဲ့သဲ့ဆို၏။စိန်ကလည်း စကားကြွယ်တဲ့သူမဟုတ်တော့ ခေါင်းခါရုံက လွဲပြီး ဘာမှမပြောတတ်။

စိန်ရှေ့တိုးလျှင် ရှေ့မှာပိတ်ရပ်၍ လက်တွေကတပြင်ပြင်ဖြစ်လာသည်။ဆူညံသံတွေ၊လှုပ်ယှနေတာတွေကြားထဲ ခေါင်းက မူးနောက်လာပြီး

"ဖယ်ပါ....အပြင်ထွက်ချင်လို့"

"တို့နဲ့တွဲကပြီးရင် ဖယ်ပေးမယ်....လာပါကွာ မူမနေပါနဲ့"

"အို မကိုင်ပါနဲ့"

စိန့်လက်ကောက်ဝတ်ကို လှမ်းကိုင်တော့ ကြောက်လန့်ကာ အော်မိသည်။သူထိုင်နေသည့်နေရာကို လှမ်းကြည့်တော့ သူက မရှိတော့ပါ။စိန် ဒီမှာအကျပ်အတည်းဖြစ်နေတာကို မြင်ရဲ့နဲ့

ဒီတိုင်းထွက်သွားရလားဆိုပြီး ဝမ်းနည်းစိတ်ကဝင်လာသည်။

ထိုကောင်လေးက စိန့်လက်ကိုဆွဲလိုက်ပေမယ့် ခြေလှမ်းတစ်လှမ်းမှမရွေ့ရသေးပဲ

"အား!"

"ခင်ဗျားက ဘာလဲ"

"မင်းတို့လို တွေ့ရာမိန်းမကို ဖွံမကြောင်တတ်တဲ့ကောင်....မိန်းမ

တစ်ယောက်ကို လိုက်တော့မယ်ဆိုရင် အပျိုလား၊အအိုလား သေချာကြည့်ဦးပေါ့ကွ....သူ့မှာယောကျာ်းရှိနေရင် မင်းတို့ထောင်ထမင်းဟင်း မြိန့်စို့နေရဦးမယ်"

လက်ကိုချိုးလိမ်ထားတာမို့ ထိုချာတိတ်မျက်နှာက နီမြန်းနေကာ

ရှန်းပေမယ့် အားချင်းမမျှ။ဘေးကသူငယ်ချင်းတွေက ကူညီချင်ပေမယ့် ရှိန်နေတာလားဘာလားမသိ။တစ်ခွန်းမှမဟရဲ။

"ဟေ့ကောင် ထားလိုက်ကွာ....သွားရအောင်"

ဘုန်းလကျာ်က ဆောင့်တွန်းပစ်ကာ အံကြိတ်တောက်ခေါက်သည်။စိန့်ကိုလည်း အပြင်ကားပါကင်ထိ ဒရွတ်တိုက်ခေါ်သွားသည်မို့ ကမျောသောပါးလိုက်လာရင်း ကားထဲဆောင့်ထည့်ပစ်၏။

"အ!"

ကားကူရှင်ပေါ်မှာ ပုံခနဲကျသွားကာ ခေါင်းပါမိုက်ခနဲဖြစ်လာ၏။စိန်

တစ်ကိုယ်လုံး ပူအိုက်စပ်ဖျင်းနေကာ သက်ပြင်းပါချမိ၍

"ကလပ်ကို ဘာလာလုပ်တာလဲ"

"ရှင့်အပူ မပါဘူး"

ဒေါသက ထောင်းခနဲဖြစ်သွားကာ လက်တို့ကစတီယာတိုင်ကို

မရောက်ပဲ သူ ကားတံခါးကို ဆွဲဖွင့်လိုက်သည်။ကြက်သွေးရောင်ကြိုး တစ်ချောင်းဂါဝန်က ဒူးဖုံးဆိုပေမယ့် ဘေးနှစ်ဖက်ခွဲထား၍ လမ်းလျှောက်လိုက်တိုင်း ပေါ်ပြူလာသော ပေါင်တံလုံး

တွေကို မြင်ရ၏။ရင်ဘတ်ကလည်း မဆိုသလောက်ဟိုက်ကာ

fit sizeမို့ ရှိုက်ကြီးရှိုက်ငယ်အသွယ်သွယ်၊ကိုယ်လုံးကောက်ကြောင်းတို့က အချိုးကျနေတာမို့ အပြစ်ပြောစရာတောင်မရှိ။

ထိုပုံစံကိုမြင်တိုင်း ရင်ထဲဆူပွက်လာကာ သူမကိုပဲကိုင်ပေါက်ရ

တော့မလို၊ အနွေးထည်ဝတ်ပေးထားရတော့မလို ဖြစ်နေ၏။

"ရှင် လူကို ခွေးနွားမောင်းသလို ဒရွတ်တိုက်ဆွဲမသွားနဲ့....ရှင့်

ကားပေါ်မတက်စေချင်ရင် အစတည်းက ခေါ်မလာပါနဲ့လား"

သူပဲ ကားပေါ်ဆွဲခေါ်၊သူပဲ ပြန်တွန်းချဖြစ်နေကာ ဒေါသကုမ္မာရ

ပါရဂူဘွဲ့ရထားသလား အောက်မေ့ရသည်။စိန့်အပေါ်ဆို အမြဲ

ခက်ထန်မာကျောခဲ့တာမို့ သူ့ဆီကနူးညံ့ပျော့ပျောင်းခြင်းတို့

မမျှော်လင့်ဖူးပေမယ့် မတူမတန်သလိုခံစားရတာကြာလာတော့

လူက အသည်းပေါက်ချင်လာသည်။

"မင်းပြောသလို ငါ့အပူမပါဘူးဆိုတော့ ကိုယ့်ဘာသာပြန်....

နောက်တစ်ခါ မင်းဘာသာရိုက်သတ်ခံရလို့သေသေ၊ အက်စီးဒင့်

ဖြစ်ပြီးပဲ ဘဝကူးပြောင်းပြောင်း သမီးလေးမေးရင် မာမီမရှိတော့ဘူးလို့ ငါဖြေလိုက်မယ်"

သူ့စကားတွေကြားတော့ အလိုအလျောက်မဲ့ပြုံးလေးဖြစ်သွား၏။စိန်

ခြယ်မှုန်းအတွက် ဘုန်းလကျာ်နှုတ်ခမ်းဖျားက

ထွက်သည့်စကားတွေဟာ ခါးသီးလွန်းတာကြောင့် အထူးတလှယ်ခံစားရတာမျိုး မရှိ။

စိန် သူ့ရှေ့ကလှည့်ထွက်ခဲ့ကာ ကားပေါ်တက်ပြီး မောင်းထွက်လိုက်၏။သူ့ကြောင့် ထုံပေနေသောနှလုံးသားတစ်စုံကလည်း မပြောင်းလဲသွား။

***

အခန်း(5)

facebookမှာ ကိုယ်addထားတာကို သူကလက်ခံလိုက်သည်မို့
ပုခုံးလေးလှုပ်အောင်ရယ်နေပေမယ့် profileက မိသားစုဓာတ်ပုံ
ဖြစ်နေ၍ မျက်မှောင်ကြုတ်သွားမိသည်။
wallထဲက photosကိုနှိပ်ကာ ကြည့်လိုက်တော့လည်း သူ့ပုံက
နည်းနည်း၊သမီးနှင့်ဇနီးပုံက ခပ်များများဖြစ်နေ၏။အိမ်ထောင်
သည်ယောကျ်ားတစ်ယောက်မို့ မိသားစုပုံတင်တာ မဆန်းပေမယ့် ဘုန်းလကျာ်လိုလူမျိုးက အပြင်မှာထင်တိုင်းကြဲပွေရှုပ်နေတာ လူတိုင်းသိ၏။
ဇနီးကိုလည်း ဘယ်ပွဲမှမခေါ်ဖူးတာမို့ သူတို့ဆက်ဆံရေးအဆင်
မပြေတာလည်းအမှန်။ဒါပေမဲ့ ဇနီးသည်မွေးနေ့တိုင်း surprise giftပေးရတာနှင့် မွေးနေ့ဆုမွန်ကောင်းတောင်းပေးတာနှင့် မရိုးရ။တခြားလူတွေကတော့ အရမ်းချစ်တတ်တဲ့အမျိုးသားရယ်
လို့ပဲ သိထားကြမည်သာ။
"ဝိုင် ဒီနေ့ ဒင်နာပွဲတက်စရာရှိတယ်လေ၊ ခုထိမပြင်သေးဘူးလား"
"ပြင်တော့မှာပါ....ဒါနဲ့လေ မရူပါ ဝိုင် မစိန်ခြယ်မှုန်းဆီမှာ
ဝတ်စုံအပ်ချင်တယ်....အစ်မ စီစဉ်ပေးလို့ရမလား"
မရူပါက မှန်တင်ခုံပေါ် မိတ်ကပ်ဘူးတွေထည့်နေရင်း ခေါင်းခါ
ကာ

"သူက ရင်းနှီးတဲ့လူတွေကိုပဲ ချုပ်ပေးတာ...နာမည်ကြီးမင်းသား၊ မင်းသမီးတွေတောင် သူ့ဆီလာအပ်ပေမယ့် လက်ခံခဲ့တာ

မဟုတ်ဘူး"

"သူက ဘယ်လိုလူမျိုးတွေကို ချုပ်ပေးတာမို့လဲ"

"သူငယ်ချင်းမိတ်ဆွေတွေလောက်ပဲ ချုပ်ပေးတာ....ခုနောက်ပိုင်းတော့ မချုပ်ဖြစ်တော့ဘူးထင်တယ်၊ ဆိုင်တောင်ပိတ်ထား

တယ်"

"သူကချေတာလား....ပြင်သစ်က နာမည်ကြီးဒီဇိုင်နာကျောင်းမှာ တက်ပြီး ချုပ်ပေးချင်သလို၊မချုပ်ပေးချင်သလိုနဲ့"

အမှန်အတိုင်းပြောရရင် စိန်ခြယ်မှုန်းအပေါ်ထားသည့် ဝိုင့်ရဲ့

မစ္ဆရိယစိတ်က တော်တော်အမြစ်တွယ်နေပါပြီ။ဘုန်းလကျာ်

လိုယောကျာ်းမျိုးရထားတာနှင့်တင် မလုံလောက်သေးပဲ

ဝိုင် ဝင်ဆန့်ဖို့ကြိုးစားနေသည့် အထက်တန်းလွှာမှာပါ သူမ

ဂုဏ်သတင်းက အတော်လေးရေပန်းစားနေတာမို့။

"အကျႌမချုပ်ရလည်း သူကငတ်သေသွားမှာမှ မဟုတ်တာ....

ဘာမှမလုပ်ပဲ ထိုင်နေတာတောင် တစ်နှစ်ကို အမေရိကန်ဒေါ်လာ

သိန်းချီဝင်နေတာပဲလေ၊ မွေးတည်းက မကြောင့်မကြ နေခဲ့ရတဲ့

ပြင် ယောကျာ်းကလည်း မြန်မာနိုင်ငံရဲ့ထိပ်တန်းစာရင်းဝင်သူဌေးဆို တော့ ဘာပြောရမလဲ"

လူတိုင်းကတော့ ကိုယ်သိထားသည့်အကြောင်းအရာတွေကို

ပြန်မျှဝေကြတာပါပဲ။ဟုတ်လား မဟုတ်လားတော့ မသိပေမယ့်

ကောလဟာလဆိုတော့လည်း ယုံရခက်၊မယုံရခက်ပါ။

ဒါပေမယ့် ဘယ်ဘဝကအတိတ်ရေစက်ကြောင့်မှန်းမသိ စိန်ခြယ်မှုန်းဆိုသော အမျိုးသမီးကို မနာလို၏။သူ့ရဲ့ပညာအရည်

အချင်း၊ ပြီးပြည့်စုံသောမိသားစုကို ပိုင်ဆိုင်ထားရတာတွေ

ကြောင့်လား။ဝိုင်ဟာ ကိုယ့်ကိုယ်ကိုယ်ကြည့်ပြီးသိမ်ငယ်နေတာ

လား။

***

"စိန်ရယ် ငါတကယ်တောင်းပန်ပါတယ်ဟာ ...ကလပ်တခါမှမသွားဖူးတဲ့လူက ငါ့အတွက်ကြောင့် ညကြီးသန်းခေါင်ကလပ်

ရောက်သွားရတယ်"

စိန်ပြန်လာတော့ သရဖီက ဘယ်လိုပြန်ရောက်လာမှန်းမသိ

ဧည့်ခန်းမှာခြေဆန့်အိပ်ပျော်နေလေသည်။စိန်ရောသရဖီရော

က ဒီကိစ္စလောက်ကိုမပြောပလောက်ပေမယ့် မပြီးနိုင်မစီးနိုင်သူက ဘုန်းလကျော်ပဲဖြစ်၏။

မနက်ထမင်းစားဝိုင်းမှာ သရဖီ့ကိုဖိဟောက်သွားတာများ

စိန်ဝင်ပြောလည်းမရပါ။သရဖီကလည်း သူ့အပြစ်နှင့်သူမို့

ဘာမှပြန်မပြောရဲပဲ နောက်မဖြစ်စေရပါဘူးဟုသာ ကတိပေးလိုက်ရသည်။

"ဒါနဲ့ နင်နဲ့ငဘုန်း ကလပ်မှာတွေ့လာတာလား....သူ နင့်ကို

ဆူသေးလားဟင်"

"ထုံးစံအတိုင်းပဲပေ့ါဟာ"

သူဆုပ်ကိုင်ထားခဲ့သည့် လက်ကောက်ဝတ်နေရာက နာကျင်

နေသည်မို့ လက်လေးနှင့်ပွတ်ရင်း စိန်နှုတ်ခမ်းတင်းထားမိသည်။ဟွန်း သူ ဘာလုပ်လုပ်အကောင်း၊ စိန် ဘာလုပ်လုပ် သူ့မျက်လုံးထဲမှာတော့ ဆူးငြောင့်ခလုတ်လိုပဲမြင်နေတာမို့

"ဘုန်း တော်တော်စိတ်ဆိုးနေတာဟ ဟိုအရင်တည်းက ယောကျာ်းလေးတွေ နင့်ကိုမျက်လုံးဝဲကြည့်ရင်တောင် ကြိုက်တာ

မဟုတ်ဘူး....သူ ဘယ်သွားသွား နင့်ကိုခေါ်ပေမယ့် ကလပ်ကိုတော့ ချန်ချန်ထားခဲ့တယ်လေ"

"နင် အမူးပြေမှာမဟုတ်သေးဘူး....ပြန်အိပ်လိုက်ဦး"

"စိန်"

"......."

မကြားချင်သောစကားတို့ကို ဆက်နားထောင်ချင်စိတ်မရှိတာ

ကြောင့် မတ်တပ်ရပ်လိုက်လျှင် သရဖီကလက်ကိုပြန်ဆွဲထား

သောကြောင့်

"နင် ဘုန်းအပေါ်မှာ ခံစားချက်မရှိတော့ဘူးလားဟင် သူ ဘာဖြစ်ဖြစ်ဘယ်မိန်းမနဲ့ပဲယှူယှူ နင် လက်ပိုက်ကြည့်နေမှာလား"

"ဘာလို့ ဒီအကြောင်းကိုပဲထပ်တလဲလဲပြောနေတာလဲ သရဖီ...

သူနဲ့ငါ့ရဲ့ဇာတ်လမ်းက ပြတ်တာကြာပြီ၊ ရှေ့ဆက်ရန်လည်း

မရှိတော့သလို အတိတ်ကိုပြန်ဆွေးနေစရာလည်း မလိုဘူး....

ငါပြောပြီးသားဆိုပေမယ့် နင်တွေးနေတာတွေကို ခေါင်းထဲက

ထုတ်လိုက်....အဲဒ့ါဆို နေရထိုင်ရပေ့ါသွားလိမ့်မယ်"

"ငါ ဘယ်လိုလုပ်ပြီးအေးဆေးနေနိုင်မှာလဲ...နင်နဲ့ဘုန်းက
ငါ့အတွက် အစ်ကိုအစ်မလိုပဲ...ငါ့ရဲ့ငယ်ဘဝကို နင်တို့နဲ့ပဲ
ဖြတ်သန်းလာခဲ့တာ၊ ငါ့မိသားစုဝင်တွေက ဒီလိုဖြစ်နေတော့
ငါဘယ်လိုနေရမှာလဲ"

သရဖီက အမူးမပြေသေး၍ထင်သည်။မျက်နှာအုပ်၍ငိုနေတာမို့
သူ့ကိုပြန်ချော့ရပြန်၏။

"ဒီအိမ်ထောင်ရေး မပြိုကွဲအောင် ငါ့သမီးလေး မျက်နှာမငယ်
ရအောင် အတတ်နိုင်ဆုံးကြိုးစားပြီး ငါနေပေါ့မယ်ဟာ....နင်
စိတ်ချပါ...ငါ သူနဲ့မကွာရှင်းပါဘူး"

***

"ဒီည မင်း ငါနဲ့ပွဲတစ်ပွဲလိုက်တက်ပေးရမယ်"

"ကျွန်မက ဘာလို့လိုက်တက်ပေးရမှာလဲ"

အဝတ်အစားလဲနေသည့် ဘုန်းလကျာ် ဗီရိုကိုဆောင့်ပိတ်ကာ
မှန်တင်ခုံမှာထိုင်နေသော စိန်ခြယ်မှုန်းထံဦးတည်သွားလိုက်သည်။သူမ
ကတော့ ဆံပင်ဖြီးမပျက်ပဲ သူ့ကိုတစ်ချက်တောင်လှည့်
မကြည့်။

သူနှင့်သူမ ပွဲလမ်းသဘင်အတူမတက်ခဲ့တာ သမီးမွေးပြီးတည်း
ကပါ။သူမကလည်း တုံဏှိဘာဝေ၊သူကလည်း ခပ်ရွဲ့ရွဲ့နေခဲ့တာ
မို့ အိမ်ထောင်ရေးက ရေခဲတမျှအေးစက်နေသည်ပင်။

"ဒါဆို ငါ ပွဲတက်ဖို့မိန်းမတစ်ယောက်ရှာထားရတော့မယ့်ပုံပဲ....
မင်းကတော့ အိမ်ထဲကအိမ်ပြင်မထွက်ပဲ ယောကျာ်းအလာကိုပဲ မျှော်နေ

တဲ့စံပြမိန်းမတစ်ယောက်လိုနေ"

"ရှင့်မှာ မိန်းမတွေမှုလိုပေါ်နေတာ...ကြိုက်တဲ့မိန်းမ လက်ညှိုးထိုးပြီး ခေါ်သွားလို့ရနေတာပဲ....သွားမှာသာသွားပါ"

"ငါက မင်းဆိုတဲ့မိန်းမကို ခေါ်သွားချင်တာ"

ဘယ်နေရာမှာပဲဖြစ်ဖြစ် အလျှော့မပေးတတ်သော သူ့ကိုကြည့်ပြီး သက်ပြင်းချမိ၏။ညက အိပ်ရေးပျက်ခဲ့တာရော၊မနက်တည်းက သူဖိ ဟောက်သွားခဲ့တာတွေကြောင့် လူကခေါင်းတွေအုံ

ပြီး ဘာမှစားမဝင်ဖြစ်နေသည်။

ညဘက် ဆေးတစ်လုံးသောက်ပြီး အိပ်ရာထဲလှဲနေမည်ဟု ကြံထားတာကို သူက နည်းလမ်းအသစ်နှင့်ထပ်နှိပ်စက်ပြန်တော့

"ကျွန်မက အစားရွေးတယ်၊ အသားငါးလည်း စားတာမဟုတ်

တော့ သူတို့ကျွေးတာကို မစားပဲနေရင် စိတ်ကောင်းမှာမဟုတ်ဘူး....ရှင့် ဘာသာရှင်ပဲ သွားလိုက်ပါ"

"ဟိုမှာ အသားငါး တစ်မျိုးတည်းရှိတာမှ မဟုတ်တာ၊ ဒင်နာ

ပွဲမတက်ဖူးတဲ့လူလိုမျိုး ဂျီကျမနေစမ်းနဲ့.....အဝတ်သွားလဲ"

"သမီး နိုးလာရင်"

"စိန်ခြယ်မှုန်း!"

ဆောင့်အော်လိုက်သည်မို့ စိန် မတ်တပ်ရပ်လိုက်ရကာ အဝတ်လဲ

လိုက်ရ၏။ဒင်နာပွဲဆိုတော့ ခေတ်ဆန်ဆန်ဖြစ်အောင် ဂါဝန်ရှည်

ရွေးလိုက်ပေမယ့် ဇစ်ကတပ်မရဖြစ်နေပြန်သည်။

"အို ကျစ်"

မှန်ထဲကနေ ခေါင်းနောက်လှည့်ပြီး တပ်ပေမယ့်လည်း အဝတ်စ

ညပ်နေ၍လားမသိ အဆင်မပြေပါ။သူ့ကိုလှမ်းခေါ်ဖို့ကျတော့

လည်း ဂါဝန်စက တင်ပါးကနေ ခါးအထိပဲဆွဲချရမှာဆိုတော့

ရှက်နေ၏။

လူက ဓာချွေးပြန်လာပြီး ခေါင်းပါမူးနောက်လာကာ လေပြင်း

တစ်ချက်မှုတ်ထုတ်မိသည်။ထိုစဉ် တံခါးကဖျတ်ခနဲပွင့်လာကာ

"မပြီးသေးဘူးလားကွာ"

"ရှင် ဘာလို့ဝင်လာတာလဲ...တံခါးခေါက်ရမယ်ဆိုတဲ့စည်းကမ်း

ကို မသိဘူးလား"

"လင်မယားကြားမှာ စည်းမျဉ်းစည်းကမ်းတွေထားနေရဦးမှာလား"

သူကပြောလည်းပြော မှန်ထဲက စိန့်ရဲ့နောက်ကြောင်းပုံရိပ်ကိုပါ

မျက်လုံးမှေးစင်း၍ ကြည့်နေတာမို့ ဗီရိုဘေးမှာရပ်ပြီး ဂါဝန်စ

ကို စုကိုင်ထားလိုက်သည်။

"ကျွန်မ မပြီးသေးဘူး...အပြင်ခဏ ထွက်ဦး"

သို့သော်လည်း သူက စိန့်ရှေ့သို့ရောက်လာကာ ခါးသိမ်သိမ်လေးသို့ လက်ရောက်သွားရင်း ဇစ်စကိုဆွဲတပ်ပေး၏။နှစ်ယောက်သား ခန္ဓာကိုယ် ချင်းနီးကပ်နေတာမို့ သူ့ဆီက ပြင်းရှရှ

ရေမွှေးနံ့ကို ရတော့ ရင်တုန်လာမိသည်။

"ဖယ်တော့လေ ဇစ်တပ်ပြီးပြီမလား"

"ငါ အနံ့တစ်ခုရလို့ ....စတော်ဘယ်ရီနံ့လိုလိုပဲ မင်းဆီကလား"

စိန်ဆိုးထားသော နှုတ်ခမ်းနီက စတော်ဘယ်ရီနံ့သင်းနေတာမို့

ခေါင်းညိတ်လိုက်ကာ

"ဟုတ်တယ် နှုတ်ခမ်းနီက အနီ"

"ဒါဆို ငါမွှေးကြည့်မယ်"

မထင်ထားသည့်လုပ်ရပ်ကြောင့် မျက်လုံးပြူးသွားကာ ယောင်အအဖြင့် လက်သီးလေးများကိုကျစ်နေအောင် ဆုပ်ထားမိ

ပြီး ခန္ဓာကိုယ်ကတောင့်တင်းသွားရသည်။

စိန့်နှုတ်ခမ်းတို့ကို အပေါ်တလှည့် အောက်တလှည့် မြိန်ရေယှက်ရေ သုံးဆောင်နေသော သူ့ကိုရိုက်ပုတ်ဖို့လည်းမသိ။နှုတ်ခမ်းသားများကို မျှင်းမျှင်းချင်းစုပ်နေရာမှ ခံတွင်းထဲသို့ သူ့လျှာဖျား

ကျူးကျော်လာတာကိုလည်း ငြင်းရကောင်းမှန်းမသိပါ။

တစ်ခါတစ်ရံ စိန့်လျှာဖျားတို့အား လက်ခုပ်ထဲကရေလို

ပိုင်ပိုင်နိုင်နိုင်ကစားနေကာ တစ်ချက်တစ်ချက် သူ့နှုတ်ခမ်းတို့

ဖြင့် စုပ်ယူသုံးဆောင်ပြန်၏။

"အင့်"

အခန်းထဲမှာ အနမ်းသံတို့က ကျယ်လောင်စွာထွက်ပေါ်နေတာ

ကြားရမှ စိန် အသိစိတ်ပြန်ဝင်လာပြီး ရုန်းလိုက်သည်။သို့သော်

သူ့လက်တို့က ရင်သားပေါ်ရောက်နေသည်မို့ စိန်ကြောက်လန့်ကာ သူ့ နှုတ်ခမ်းတို့အား သွားဖြင့်ကိုက်လိုက်၏။

"အ!"

သူ့အသားနာသွားမှ စိန့်ကိုလွှတ်ပေးကာ ပေတေတေဖြင့်ကြည့်

ပြီး နှုတ်ခမ်းမှာပေနေသော နှုတ်ခမ်းနီရာတို့ကို လက်ခုံနှင့်

သုတ်လေသည်။

"မင်းက ခွေးလား လူကို ကိုက်ရအောင်"

"ခွေးတောင်မှ ခွေးရူးဖြစ်သွားရင် ကောင်းမယ်....အဲဒ့ါမှ ရှင့်ကို

အားရပါးရခဲလို့ရမှာ"

"လင်ခင်ပွန်းက ဇနီးမယားကိုနမ်းမိတာ ဘာအပြစ်ကြီးသွားလို့လဲ စိန် ခြယ်မှုန်း....မင်း ငါ့ကို အဲဒီ့လောက်ထိပဲ ရွံမုန်းနေတာလား...ဟင်"

ပုခုံးတို့ကို ဆောင့်ခါလှုပ်တော့ နာကျင်မှုနဲ့အတူ ခေါင်းထဲမှာ

မိုက်ခနဲဖြစ်သွားပြန်၏။မျက်လုံးများ မှိတ်ထားတော့ တရိပ်ရိပ်

တက်လာသော ဒဏ်တို့က ခေါင်းကိုတူနှင့်ထုရိုက်နေသလို။

စိန် ဗီရိုမှာမှီလိုက်ကာ အသက်ဝဝရှူရင်း

"ကျွန်မတို့ လက်ထက်ပြီးတည်းက ဒီကိစ္စကို ညှိနှိုင်းခဲ့ပြီးပြီမလား....နှစ်ဦး သဘောတူ ခေါင်းညိတ်ခဲ့ပြီးမှ ရှင် ဘာတွေရေးကြီးခွင်ကျယ်လုပ်နေတာ လဲ"

"ဒါဆို ငါ ဘယ်မိန်းမနဲ့ပဲ အိပ်အိပ် ဘယ်မိန်းမကိုပဲ သဘောကျကျ ဘယ် မိန်းမကိုပဲ ယူယူ မင်းစိတ်မဝင်စားဘူးဆိုတဲ့

သဘောလား"

"ရှင့်ကိစ္စမှန်သမျှကို ကျွန်မဝင်ရောက်စွက်ဖက်ခြင်းမပြုဘူးလို့

ပြောခဲ့ပြီးသားပဲ....ရှင် ဘာလို့ပြန်မေးနေတာလဲ"

"ဟုတ်ပါတယ် မင်း ပြောခဲ့တာပေ့ါ....မင်းကိုက အသည်းနှလုံး

မရှိတဲ့ မိန်းမ၊ ကိုယ့်ကလေးကိုတောင် သတ်ပစ်ဖို့ ဝန်မလေးတဲ့

မိန်းမ....

ဒါပေမဲ့ ငါကတော့ နေချင်တိုင်းနေမယ်၊ ငါလုပ်ချင်သလိုလုပ်မယ်....မင်းကတော့ မရဘူး စိန်ခြယ်မှုန်း၊ မင်း ဒီနေ့ကစပြီး ငါပေးတဲ့ အသက်နဲ့ပဲ ဆက်ရှင်ရမယ်....ငါ ထားရာနေ စေရာသွားရမယ်....မင်းအသက်ရှူလိုက်တိုင်း ငရဲလိုမွှန်းကြပ်နေအောင် ငါ

လုပ်ပြလို့ရတယ်"

ပါးနှစ်ဖက်ကို သူ့လက်တစ်ဖက်တည်းနှင့်ချုပ်ထားကာ တရစပ်

ပြောနေပေမယ့် စိန်ကတော့ အသက်ရှူလို့မရအောင် မွှန်းကြပ်ကာ ပါးနှစ်ဖက်လုံးနာကျင်နေပေမယ့် မရုန်းမိပါ။ဂါဝန်စကို

လက်ထဲမှာ ဖိဆုပ်ထားရင်း သူ့ဒေါသအတိုင်း ကိုယ့်ကိုယ်ကို

စတေးခံလိုက်ဖို့ပဲ ဆုံးဖြတ်မိ၏။

"တောက်ကွာ!"

မှန်ဗီရိုထဲမှာ ထည့်ထားသော နာရီတွေကို ပေါက်ခွဲပစ်ကာ

ကိုယ်လုံးပြည့်မှန်တင်ခုံကိုလည်း ရေမွှေးပုလင်းဖြင့်ပေါက်ပစ်

၏။တဒင်္ဂအတွင်းမှာ brandedများဖြင့် ဖန်တီးပုံဖော်ထားသော

အဝတ်လဲခန်းဟာ အစိတ်စိတ်အမွှာမွှာပျက်စီးသွားပြီး ကြေကွဲ

သွားသော မှန်ချပ်မှာ သူနှင့်စိန့်မျက်နှာက အထပ်ထပ်ပေါ်လာ

သည်။

ဗီရိုရှေ့မှာ ပုံခနဲလဲကျသွားသောစိန်ဟာ ဝေါက်ခနဲပြန်ထပြီး

ဆံပင်တစ်ချပ်သတ်ရင်း ပါးစပ်မှာအရဲစွန့်ပြောလိုက်မိ၏။

"ရှင် ဒီအိမ်မှာမနေချင်လည်းရတယ်သိလား....ရှင် ဒီအိမ်မှာ

မပျော်တာကို အတင်းအကျပ်နေခိုင်းခဲ့မိတဲ့အတွက် ကျွန်မ

တောင်းပန်ပါတယ်....အဲဒါကြောင့် ရှင် ဒီနေ့ကစပြီး အရင်လိုပဲ

ပြန်နေပါ....

စဉ်းစားကြည့်လိုက်တော့ ကျွန်မ ငါးနှစ်လုံးလုံး စိတ်အေးလက်အေးနေခဲ့ရတာ ရှင့်ဘေးကမိန်းကလေးတွေကြောင့်ပဲ....သူတို့ကြောင့် ရှင် ကျွန်မနားမကပ်ခဲ့တာ အရမ်းကျေးဇူးတင်မိတယ်....ဒါပေမဲ့ ဒီတစ်ပတ်အတွင်း ဖြစ်သွားခဲ့တဲ့ကိစ္စတွေ

ကြည့်ပြီး ရှင့်ကို ဒီအိမ်မှာဆက်မနေစေချင်တော့တာ အမှန်ပဲ....

ရှင် ကျွန်မနားတိုးလာလေ ရှင့်ကိုပိုရွံမုန်းမိလေပဲ....ရှင် သူတို့နဲ့ပဲ

ပျော်ပါးနေပါ ဒါဟာ ကျွန်မ ရှင့်ကိုပေးနိုင်တဲ့လက်ဆောင်ကောင်းပဲ...."

ထိုမိန်းမဆီက ဆက်ထွက်လာမည့်စကားတွေက ဘယ်လောက်ထိ ထပ်ရင့်သီးလာမည်မှန်းမသိသောကြောင့် ကားသော့ယူကာ တရှိန်ထိုးမောင်းလာရင်း လမ်းဘေးမှာချရပ်လိုက်၏။

မင်း ဖြစ်စေချင်သလို လုံးဝဖြစ်ခွင့်မပေးနိုင်ဘူး စိန်ခြယ်မှုန်း။

***